# ငွေကြေးအကူအညီဖြန့်ဝေပြီးနောက်ပိုင်းစောင့်ကြည့်စစ်ဆေးခြင်းအတွက်

# လမ်းညွှန်ချက်

၂၀၂၅ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်အထိ ပြုစုထားသည့် အခြေအနေ

DRAFT

## နောက်ခံအကြောင်းအရာ

ငွေကြေးအကူအညီဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်စစ်ဆေးခြင်း (PDM) နည်းလမ်းကို ငွေကြေးနှင့်ဈေးကွက်ဆိုင်ရာလုပ်ငန်းအဖွဲ့ (CMWG) မှ အစုအဖွဲ့မိတ်ဖက်များနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီ (MPC) နှင့် ကဏ္ဍအလိုက်ဆောင်ရွက်သည့် ငွေကြေးနှင့် ဘောက်ချာအကူအညီ (CVA) တို့အား အဓိကညွှန်းကိန်းများဖြင့်စောင့်ကြည့်စစ်ဆေးရာတွင် ကူညီပေးရန်အတွက် ရေးဆွဲခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် MPC ဆိုင်ရာလမ်းညွှန်ချက်နှင့် မဟာဗျူဟာတို့ကို ဖော်ထုတ်ရေးဆွဲခဲ့ပြီး၊ ၂၀၂၅ ခုနှစ် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက် (HNRP) တွင် ထည့်သွင်းခဲ့ပြီးချိန်မှစ၍ MPC ကို မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှု တုံ့ပြန်ရေးလုပ်ငန်း၏ အဓိကအစိတ်အပိုင်းတစ်ခုအနေဖြင့် တရားဝင်အသိအမှတ်ပြုခံလာရပြီဖြစ်သည်။ MPC ပါဝင်ဆောင်ရွက်သူများအကြားတွင် မဟာဗျူဟာညွှန်ကြားချက်၊ နည်းပညာလမ်းညွှန်ချက်နှင့် ဟန်ချက်ညီဆောင်ရွက်ခြင်းတို့ကို ဦးဆောင်နေသည့် CMWG လုပ်ငန်းအဖွဲ့သည် MPC အတွက် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတွင် MPC သည် ဖြစ်ပေါ်တိုးတက်နေဆဲဖြစ်သည့်အတွက် ဤ PDM သည် **နည်းပညာဆိုင်ရာ တသမတ်တည်းဖြစ်မှုကို ခိုင်မာအားကောင်းစေရေးနှင့် အကောင်အထည်ဖော်ရေးမိတ်ဖက်အဖွဲ့များ ပူးတွဲ၍ သရုပ်ခွဲစိတ်ဖြာမှုပြုလုပ်နိုင်စွမ်း ရှိစေရေးအတွက်** အရေးကြီးသော အဆင့်တစ်ဆင့်ကို ကိုယ်စားပြုနေပါသည်။

ဤ PDM တွင် CVA လုပ်ငန်းအားလုံးအတွက် စောင့်ကြည့်စစ်ဆေးပြီး အစီရင်ခံရမည့် ညွှန်းကိန်းများပါဝင်ပြီး၊ ၎င်းကို အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အပြောင်းအလဲများနှင့် ကိုက်ညီစေရန်နှင့် MPC လုပ်ငန်းတွင် အသစ်ဖော်ထုတ်လိုက်သည့် ညွှန်းကိန်းများဖြင့် စောင့်ကြည့်စစ်ဆေးနိုင်ရန်အတွက် နောက်ပိုင်းတွင် ပြန်လည်သုံးသပ်၍ ချိန်ညှိပြင်ဆင်သွားပါမည်။

## ခြုံငုံဖော်ပြချက်

ငွေကြေးအကူအညီဖြန့်ဝေပြီးနောက်ပိုင်းစောင့်ကြည့်စစ်ဆေးခြင်း (PDM) ၏ **အဓိကရည်ရွယ်ချက်**မှာ အထူးသဖြင့် MPCA အပါအဝင် ငွေကြေးအကူအညီများအား အသုံးပြုမှုကို စောင့်ကြည့်စစ်ဆေးရန်ဖြစ်သည်။ PDM သည် ငွေကြေးအကူအညီ လုပ်ငန်းများကို တူညီသည့် ညွှန်းကိန်းများဖြင့် စောင့်ကြည့်စစ်ဆေးနိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် အားလုံးက အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး၊ အကူအညီလက်ခံရရှိသည့် အိမ်ထောင်စု၏ ငွေကြေးအသုံးစရိတ်နှင့် အကူအညီ၏ ရလဒ်များအား စောင့်ကြည့်စစ်ဆေးမှုကို ခိုင်မာအားကောင်းစေကာ၊ ငွေကြေးဆိုင်ရာတုံ့ပြန်ရေး လုပ်ငန်းတစ်ခုလုံးကို နှိုင်းယှဉ်၍ သရုပ်ခွဲစိတ်ဖြာမှု ပြုလုပ်နိုင်စေသည်။

**အဓိကစိတ်ဝင်စားမှုနယ်ပယ်များမှာ** လူများက ၎င်းတို့၏ အခြေခံလိုအပ်ချက်များအား မည်သည့်အတိုင်းအတာအထိ ဖြည့်ဆည်းနိုင်သည်နှင့် ငွေကြေးအကူအညီပုံစံကို လက်ခံရရှိခြင်းကြောင့် မည်မျှအထိ စိတ်ကျေနပ်မှုရှိသည်ကို တိုင်းတာခြင်းဖြစ်သည်။ PDM သည် ငွေကြေးအကူအညီ၏ အချိန်ကိုက်ဖြစ်မှု၊ ဘေးကင်းလုံခြုံရေး၊ MPCA က ကဏ္ဍအလိုက် လိုအပ်ချက်များအား လွှမ်းခြုံဖြည့်ဆည်းပေးနိုင်မှုနှင့် အကြံပြုချက်ပေးခြင်းလုပ်ငန်းစဉ်များအား လက်လှမ်းမီအသုံးပြုနိုင်မှု

တို့ကိုလည်း အကဲဖြတ်တိုင်းတာပေးသည်။ PDM မှ ရလဒ်များကို ငွေကြေးအကူအညီဖြန့်ဝေရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တိုးတက်စေရာတွင် အသုံးပြုနိုင်ပြီး၊ စီမံကိန်းဆောင်ရွက်စဉ်အတွင်း ဖြစ်လာနိုင်သည့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များအား သတ်မှတ်ဖော်ထုတ်၍ တားဆီးကာကွယ်ပေးနိုင်သည်။




## မြန်မာနိုင်ငံ၏ MPCA လမ်းညွှန်ချက်နှင့် ချိတ်ဆက်မှုများ

ဤ PDM ကို MPCA လမ်းညွှန်မှတ်စု (၂၀၂၄ ခုနှစ်)နှင့်လည်းကောင်း၊ ၂၀၂၅ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက် (HNRP) တွင် ဖော်ပြထားသည့် ငွေကြေးအကူအညီစီမံကိန်းများနှင့်လည်းကောင်း ကိုက်ညီမှုရှိစေရန် ဒီဇိုင်းရေးဆွဲထားသည်။

MPCA အရ လွှဲပြောင်းကူညီမှုတန်ဖိုးများသည် CMWG လုပ်ငန်းအဖွဲ့က တစ်နှစ်လျှင် နှစ်ကြိမ် မွမ်းမံပြင်ဆင်သည့် အနိမ့်ဆုံးအသုံးစရိတ်တန်ဖိုး (MEB) ကို အခြေခံသော လွှဲပြောင်းကူညီမှုတန်ဖိုးများအတိုင်းဖြစ်သည်။ ဤလမ်းညွှန်ချက် စာတမ်းကို ပြုစုချိန်တွင် လွှဲပြောင်းကူညီမှုတန်ဖိုးမှာ အိမ်ထောင်စုတစ်စုလျှင် မြန်မာကျပ်ငွေ (၃၆၀,၀၀၀) ဖြစ်ပြီး၊ အိမ်ထောင်စုတစ်စု၏ ပျမ်းမျှလူဦးရေမှာ (၄.၂)ဦး ဖြစ်သည် (MEB 2024)။ အကြံပြုထားသော လွှဲပြောင်းကူညီမှုအကြိမ်ရေမှာ (၁) လမှ (၃) လအတွင်းဖြစ်သည် (လွှဲပြောင်းကူညီရန် ပိုမိုကြာမြင့်လေ၊ ထိခိုက်မှုပိုကြီးလေဖြစ်ပါသည်)။

**PDM ကို လက်တွေ့အကောင်အထည်ဖော်ရန် လမ်းညွှန်ချက်**

ငွေကြေးအကူအညီဖြန့်ဝေပြီးနောက်ပိုင်း စောင့်ကြည့်စစ်ဆေးခြင်း (PDM) လုပ်ငန်းအား အကောင်အထည်ဖော်ခြင်းသည် ငွေကြေးအကူအညီစီမံကိန်းများ၏ သက်ရောက်မှုကို အကဲဖြတ်ရာ၌ အရေးကြီးပါသည်။ PDM လုပ်ငန်းစဉ်များနှင့်

ရင်းနှီးကျွမ်းဝင်ခြင်းမရှိသေးသည့် ဒေသခံပါဝင်ဆောင်ရွက်သူများသည် "မည်သူက၊ မည်သည့်အချက်ကို၊ မည်သည့်အချိန်တွင်၊ မည်သည့်နေရာ၌၊ မည်သို့ ကောက်ယူမည်"ကို နားလည်ထားရန် မဖြစ်မနေလိုအပ်ပါသည်။

- **မည်သူက (Who)** - PDM အား တာဝန်ယူဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ကို သတ်မှတ်ပါ။ ဤအဖွဲ့တွင် အချက်အလက်ကောက်ယူခြင်း၊ ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်း၌ အတွေ့အကြုံရှိပြီး လေ့ကျင့်သင်တန်းပေးထားသည့် ဝန်ထမ်းများ သို့မဟုတ် မိတ်ဖက်အဖွဲ့များ ပါဝင်သင့်သည်။ ရပ်ရွာလူထုအတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရင်းနှီးကျွမ်းဝင်သည့် ဒေသခံပါဝင်ဆောင်ရွက်သူများ ပါဝင်ခြင်းအားဖြင့် အချက်အလက်များ၏ တိကျမှန်ကန်မှုနှင့် ယုံကြည်မှုကို တိုးတက်စေနိုင်ပါသည်။
- **မည်သည့်အချက်ကို** (**What**) - မရှိမဖြစ်လိုအပ်သည့် သတင်းအချက်အလက်များကို ထိရောက်စွာ ကောက်ယူနိုင်ရေးအတွက် PDM နည်းလမ်းကို ဒီဇိုင်းရေးဆွဲထားပြီး ရိုးရှင်းလွယ်ကူသည့် မေးခွန်းများ ပါဝင်သင့်သည်။ အနိမ့်ဆုံးအသုံးစရိတ် (MEB) နှင့် ကိုက်ညီသည့် မေးခွန်းများ၊ အစုအဖွဲ့အလိုက် သီးသန့်ညွှန်းကိန်းများကို ဖော်ပြသည့် မေးခွန်းများလည်း ပါဝင်ရမည်။
- **မည်သည့်အချိန်တွင် (When)** - PDM ကို ငွေကြေးအကူအညီဖြန့်ဝေမှုစက်ဝန်းနှင့် ချိန်ညှိ၍ ဖြန့်ဝေမှု တစ်ခုနှင့်တစ်ခုကြား ကာလတွင် ဆောင်ရွက်ပါ။ အကောင်းဆုံးမှာ အကူအညီဖြန့်ဝေပြီးနောက် ရက်သတ္တပတ်အနည်းငယ်အတွင်းတွင် ဖြစ်သည်။ ဤသို့ အချိန်ကိုက်ဆောင်ရွက်ခြင်းအားဖြင့် တုံ့ပြန်ဖြေကြားချက်များသည် အကူအညီလက်ခံရရှိသူများ၏ လတ်တလောအတွေ့အကြုံများကို ထင်ဟပ်ဖော်ပြနိုင်မည်ဖြစ်သည်။
- **မည်သည့်နေရာ၌ (Where)** - စစ်တမ်းကောက်ယူရန်အတွက် ပူးပေါင်းပါဝင်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် အဆင်ပြေမှုကို သေချာစေပြီး၊ သွားလာရေးလွယ်ကူသည့် နေရာများကို ရွေးချယ်ပါ၊ ဝေးလံခေါင်းပါးသည့် နေရာများတွင် ဖုန်းဖြင့် မေးမြန်းခြင်းကဲ့သို့သော အဝေးမှ အချက်အလက်ကောက်ယူခြင်းနည်းလမ်းများကို ထည့်သွင်းစဉ်းစားပါ။
- **မည်သို့** (**How**) - ဒေသအားလုံးတွင် နည်းစနစ်တစ်ခုကို တသမတ်တည်းသုံး၍ PDM ကို အကောင်အထည်ဖော်ပါ။ စစ်တမ်းကောက်ယူသူအားလုံးကို စစ်တမ်းပုံစံနှင့် အချက်အလက်ကောက်ယူရာတွင် ကျင့်ဝတ်ဆိုင်ရာ စဉ်းစားရမည့် အချက်များနှင့်စပ်လျဉ်း၍ သေချာစွာ လေ့ကျင့်သင်တန်းပေးပါ။ အချက်အလက်ကောက်ယူရေး လုပ်ငန်းစဉ်သည် ယဉ်ကျေးမှုအရ သင့်တော်ပြီး၊ ကျားမရေးရာ အရွေ့များကို ထိရှလွယ်စွာ ထည့်သွင်းစဉ်းစားထားကြောင်း သေချာပါစေ။

ဒေသခံ ပါဝင်ဆောင်ရွက်သူများသည် လက်တွေ့ကျသော ဤရှုထောင့်များကို အာရုံစိုက်ခြင်းအားဖြင့် PDM ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပြီး၊ အကူအညီပေးအပ်မှု ပိုမိုကောင်းမွန်၍ တိုးတက်စေရေးအတွက် တန်ဖိုးရှိသော အမြင်များကို ရရှိစေမည်ဖြစ်သည်။ ဤကြိုးပမ်းအားထုတ်မှုများသည် တုံ့ပြန်မှုနှင့် သက်ရောက်မှု ပိုရှိသော အကူအညီစီမံကိန်းများ ဖြစ်စေရေးအတွက် ကူညီပေးပါလိမ့်မည်။ အသေးစိတ်လမ်းညွှန်ချက်များအတွက် PDM နည်းလမ်းအပြည့်အစုံကို ကြည့်ရန် ရည်ညွှန်းပါသည်။

PDM နည်းလမ်းအား အကောင်းဆုံးလက်တွေ့အသုံးပြုမှုကို ကူညီပေးရန်အတွက် စာရင်းကောက်ယူသူအတွက် လမ်းညွှန်ချက် (MIMU တွင်ရယူနိုင်သည်)၊ PDM အချက်အလက်ကောက်ယူရေးနည်းလမ်း၊ KOBO အချက်အလက်ကောက်ယူရေးပုံစံ၊ PDM အစီရင်ခံစာပုံစံနှင့် KOBO ပုံစံအသုံးပြုနည်းလမ်းညွှန်ချက် (ဤလမ်းညွှန်ချက်) တို့ပါဝင်သည့် toolkit ကို ဖော်ထုတ်ထားပြီးဖြစ်သည်။

*"အဓိကညွှန်းကိန်းများအကြောင်း ခြုံငုံဖော်ပြချက်" အပိုင်းတွင် ပါဝင်သည့် ညွှန်းကိန်းတွက်ချက်မှုများအတွက် ပုံသေနည်းများမှာ အဖွဲ့အစည်းအဆင့် ညွှန်းကိန်းများကို တွက်ချက်ရာ၌ အဖွဲ့အစည်းများက အသုံးပြုနိုင်ရန် ထောက်ပံ့ပေးထားခြင်းဖြစ်ကြောင်း သတိပြုပါ။ CMWG လုပ်ငန်းအဖွဲ့က တုံ့ပြန်ရေးလုပ်ငန်းတစ်ခုလုံးအတွက် ညွှန်းကိန်းများအား တွက်ချက်ရာတွင်မူ မိတ်ဖက်အဖွဲ့များထံမှ စုစည်းထားသည့် အကြမ်းထည်အချက်အလက်များကို အသုံးပြုမည်ဖြစ်ပြီး၊ ညွှန်းကိန်းများ တသမတ်တည်းဖြစ်စေရေးအတွက် တူညီသည့်ပုံသေနည်းများကို အသုံးပြု၍ တွက်ချက်ပါမည်။*

## အဓိကညွှန်းကိန်းများအကြောင်း ခြုံငုံဖော်ပြချက်

ဤလမ်းညွှန်ချက်တွင် MPCA ညွှန်းကိန်းများနှင့် ကဏ္ဍအလိုက်ဆောင်ရွက်သည့် CVA ညွှန်းကိန်းများကို တိုင်းတာရန်အတွက် အစုလိုက်မေးခွန်းများ ပါဝင်ပြီး၊ ငွေကြေးလွှဲပြောင်းကူညီမှုများအတွက် အကူအညီရရှိမည့်သူရွေးချယ်ခြင်းနှင့် လျာထားချက်သတ်မှတ်ခြင်း၊ အသုံးပြုခြင်းတို့အပါအဝင် ခေါင်းစဉ်များစွာတို့နှင့် ဆက်စပ်နေသည်။ ***MPCA မိတ်ဖက်အဖွဲ့များက ဆောင်ရွက်သည့် PDMs အားလုံးတွင် ဤနည်းလမ်းကို အပြည့်အဝထည့်သွင်းပါဝင်စေရန် အကြံပြုပါသည်၊ တချိန်တည်းတွင် MEAL နှင့် CVA ဆောင်ရွက်သူများသည်လည်း တူညီသော ရလဒ်များ ရရှိစေရန်အတွက် အလှူရှင်များ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီစေမည့် စကားလုံးအသုံးအနှုန်းများကို ပြောင်းလဲအသုံးပြုနိုင်ကြောင်း သိထားရပါမည်။***

ငွေကြေးနှင့်ဈေးကွက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ ၂၀၂၅ ခုနှစ်အတွက် စောင့်ကြည့်စစ်ဆေးရေးမူဘောင်အရ အောက်ပါ ညွှန်းကိန်းများကို (ဤလမ်းညွှန်ချက် သို့မဟုတ် ဤညွှန်းကိန်းများအား ပြန်လည်သုံးသပ်မွမ်းမံမှု မပြုလုပ်မီအချိန်အထိ) အချက်အလက်ကောက်ယူ၍ အစီရင်ခံတင်ပြရန် အကြံပြုပါသည်။ မိတ်ဖက်အဖွဲ့အားလုံး၏ PDMs များအား ပူးတွဲသရုပ်ခွဲစိတ်ဖြာခြင်းအတွက် နောက်ဆုံးတွက်ချက်မှုနည်းစနစ်ကို အောက်တွင် အကျဉ်းချုပ်ဖော်ပြလမ်းညွှန်ထားပါသည်။

*ညွှန်းကိန်းတွက်ချက်မှုများအတွက် ပုံသေနည်းများမှာ အဖွဲ့အစည်းအဆင့် ညွှန်းကိန်းများကို တွက်ချက်ရာ၌ အဖွဲ့အစည်းများက အသုံးပြုနိုင်ရန် ထောက်ပံ့ပေးထားခြင်း ဖြစ်ကြောင်း သတိပြုပါ။ CMWG လုပ်ငန်းအဖွဲ့က တုံ့ပြန်ရေးလုပ်ငန်းတစ်ခုလုံးအတွက် ညွှန်းကိန်းများအား တွက်ချက်ရာတွင်မူ မိတ်ဖက်အဖွဲ့များထံမှ စုစည်းထားသည့် အကြမ်းထည်အချက်အလက်များကို အသုံးပြုမည်ဖြစ်ပြီး၊ ညွှန်းကိန်းများ တသမတ်တည်းဖြစ်စေရေးအတွက် တူညီသည့်ပုံသေနည်းများကို အသုံးပြု၍ တွက်ချက်ပါမည်။*

အပိုင်း (၁) - အိမ်ထောင်စု၏ ပါဝင်ဖွဲ့စည်းပုံ (အားလုံးမှာ မဖြစ်မနေကောက်ယူရမည့် ညွှန်းကိန်းများဖြစ်သည်)

အပိုင်း (၂) – မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဝေခြင်း (အားလုံးမှာ ဖြစ်နိုင်ပါက ကောက်ယူရမည့် ညွှန်းကိန်းများဖြစ်သည်)

အပိုင်း (၃) – ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ (အားလုံးမှာ ဖြစ်နိုင်ပါက ကောက်ယူရမည့် ညွှန်းကိန်းများဖြစ်သည်)

အပိုင်း (၄) - MPC ညွှန်းကိန်းများ (မဖြစ်မနေကောက်ယူရမည့်ညွှန်းကိန်းများနှင့် ဖြစ်နိုင်ပါက ကောက်ယူရမည့် ညွှန်းကိန်းများဟူ၍ ခွဲခြားဖော်ပြထားသည်)

အပိုင်း (၅) – ကဏ္ဍအလိုက် ဆောင်ရွက်သည့် CVA ညွှန်းကိန်းများ (အစုအဖွဲ့များက စိစစ်အတည်ပြုရန်အတွက်)

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| ***အပိုင်း (၁) - အိမ်ထောင်စု၏ ပါဝင်ဖွဲ့စည်းပုံ*** | | |
| ကျား၊မ၊ အသက်အုပ်စု (၀-၁၇ နှစ်/ ၁၈ နှစ်မှ ၅၉ နှစ်/ ၆၀နှစ်အထက်)နှင့် မသန်စွမ်းသူအလိုက် အိမ်ထောင်စုတစ်စုချင်း၏ ပျမ်းမျှလူအရေအတွက် | **မေးခွန်းအမှတ် (---)** -<br><u>အိမ်ထောင်စု၏ ပါဝင်ဖွဲ့စည်းပုံ - သင့်အိမ်ထောင်စုရှိ ကျားမအလိုက် လူဦးရေနှင့် အသက်များကို ဖော်ပြပေးပါ။</u><br><br>ကျား (၀-၁၇ နှစ်/ ၁၈ နှစ်မှ ၅၉ နှစ်/ ၆၀နှစ် အထက်)<br>မ (၀-၁၇ နှစ်/ ၁၈ နှစ်မှ ၅၉ နှစ်/ ၆၀နှစ် အထက်) | • ***ပျမ်းမျှအိမ်ထောင်စုအရွယ်အစား (ပျမ်းမျှအိမ်ထောင်စုဝင်) -*** *အိမ်ထောင်စုတစ်စုချင်း၏ လူအရေအတွက်များကို ပေါင်း၍ အိမ်ထောင်စု အရေအတွက်ဖြင့် စားခြင်းအားဖြင့် တွက်ချက်ပါ။ <u>ပုံသေနည်း</u> - အိမ်ထောင်စုအားလုံးရှိ လူအရေအတွက် ပေါင်း/ အိမ်ထောင်စုအရေအတွက် (စစ်တမ်း ကောက်ယူခဲ့သည့် အိမ်ထောင်ဦးစီးများ)*<br>• ***အသက်အုပ်စုအလိုက် အမျိုးသမီးအရေအတွက် -*** *အသက်အုပ်စုတစ်စုချင်းစီရှိ အမျိုးသမီးအရေအတွက် ကို ပေါင်း၍ အိမ်ထောင်စုဝင် အရေအတွက် စုစုပေါင်းနှင့် စားခြင်းအားဖြင့် တွက်ချက်ပါ။ <u>ပုံသေနည်း</u> - အသက်အုပ်စုတစ်စုရှိ အမျိုးသမီး အရေအတွက်/ အိမ်ထောင်စုဝင်အရေအတွက် စုစုပေါင်း*<br>• ***အသက်အုပ်စုအလိုက် အမျိုးသားအရေအတွက် -*** *အသက်အုပ်စုတစ်စုချင်းစီရှိ အမျိုးသား အရေအတွက်ကို ပေါင်း၍ စစ်တမ်းကောက်ယူ ခဲ့သည့် လူအားလုံး၏ အရေအတွက်နှင့် စားခြင်းအားဖြင့် တွက်ချက်ပါ။*<br>• *<u>ပုံသေနည်း</u> - အသက်အုပ်စုတစ်စုရှိ အမျိုးသား အရေအတွက်/ အိမ်ထောင်စုဝင်အရေအတွက်*<br>• ***မသန်စွမ်းသူအရေအတွက်*** - *မသန်စွမ်းသူ အရေအတွက်ကို ပေါင်း၍ စစ်တမ်းကောက်ယူ ခဲ့သည့် လူအားလုံး၏ အရေအတွက်နှင့် စားခြင်းဖြင့် တွက်ချက်ပါ။* |

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
| --- | --- | --- |
| | | *<u>ပုံသေနည်း</u> - PWD အရေအတွက် / အိမ်ထောင်စုဝင် အရေအတွက်* |
| **တည်နေရာ -** စစ်တမ်းပြီးဆုံးချိန်တွင် အိမ်ထောင်စုများ၏ တည်နေရာများအား အတိအကျမှတ်တမ်းတင်၍ ကျေးလက်၊ မြို့ပြနှင့် အခြားသီးသန့်အမျိုးအစားများ အဖြစ် ခွဲခြားထားရမည်။ | **မေးခွန်းအမှတ် (---) –** သင့်အိမ်ထောင်စုသည် လက်ရှိတွင် မည်သည့်နေရာ၌ ရှိပါသနည်း? တည်နေရာ သို့မဟုတ် အနီးဆုံးနေရာ၏ အမည်ကို ဖော်ပြပေးပါ။ | • ***တည်နေရာအမျိုးအစားအလိုက် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း*** *- ပါဝင်မှုအချိုးကို ဆုံးဖြတ်ရန်အတွက် တည်နေရာအမျိုးအစား တစ်ခုချင်းစီရှိ (ကျေးလက်၊ မြို့ပြ၊ ဆင်ခြေဖုံး စသည်ဖြင့်) အိမ်ထောင်စု အရေအတွက်ကို ရေတွက်ပြီး စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်းနှင့် စားပါ။ <u>ပုံသေနည်း</u> - (အမျိုးအစားတစ်ခုချင်းစီရှိ အိမ်ထောင်စု အရေအတွက် / စစ်တမ်းကောက်ယူ ခဲ့သည့် အိမ်ထောင်စု အရေအတွက်စုစုပေါင်း) * ၁၀၀*<br>• ***တည်နေရာပြန့်နှံ့မှုကို သရုပ်ခွဲစိတ်ဖြာခြင်း*** *- အိမ်ထောင်စုများ၏ တည်နေရာများတွင် ပုံစံ သို့မဟုတ် လမ်းကြောင်းများ ကို သရုပ်ခွဲစိတ်ဖြာ၍ လူဦးရေဆိုင်ရာညွှန်းကိန်း သို့မဟုတ် စီးပွားရေး ညွှန်းကိန်းများဖြင့် နှိုင်းယှဉ်ပါ။* |

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| **အိမ်ထောင်စု၏ အကြွေးတင်ရှိမှုအဆင့် -** လေ့လာမှုပြီးစီးသည့် နေ့ရက်တွင် အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုအဆင့်ကို ရာခိုင်နှုန်းဖြင့် မှတ်တမ်းတင်ပါ။ | **မေးခွန်းအမှတ် (---) -** သင့်အိမ်ထောင်စုသည် လက်ရှိတွင် အကြွေးတင်ရှိနေပါသလား? (ရှိသည်/မရှိပါ)<br><br>**မေးခွန်းအမှတ် (---) -** ရှိသည်ဆိုပါက၊ အကြွေးပမာဏကို ဖော်ပြပေးပါ။ ဇာစ်မြစ်အားလုံး (ဥပမာ - ချေးငွေ၊ အကြွေးဝယ် ကတ်၊ မိသားစု ထံမှ ချေးယူထားငွေ)ကို ထည့်သွင်း ဖော်ပြပါ။<br><br>**မေးခွန်း** ထိုအကြွေးများကို လစဉ် မည်သည့် ပမာဏဖြင့် ပြန်ဆပ်ရသနည်း? | • ***ပျမ်းမျှအကြွေးအဆင့်*** *- ထုတ်ဖော်ပြောသည့် အကြွေးအားလုံးကို ပေါင်း၍ အကြွေးတင်ရှိနေကြောင်း ပြောကြားသည့် အိမ်ထောင်စု အရေအတွက်နှင့် စားခြင်းအားဖြင့် တွက်ချက်ပါ။*<br>*<u>ပုံသေနည်း</u> - ထုတ်ဖော်ပြောသည့် အကြွေးစုစုပေါင်း / အကြွေးတင်ရှိနေသည့် အိမ်ထောင်စုအရေအတွက်*<br>• ***အကြွေးပြန်ဆပ်နိုင်စွမ်း*** *- အကြွေးဝန်ထုပ်ဝန်ပိုးကို အကဲဖြတ်ရန်အတွက် လစဉ်အကြွေးပြန်ဆပ်ရသည့် ပမာဏနှင့် အိမ်ထောင်စု၏ လစဉ်ဝင်ငွေကို နှိုင်းယှဉ်ပါ။*<br>*<u>ပုံသေနည်း</u> - နှိုင်းရ ဝန်ထုပ်ဝန်ပိုးရာခိုင်နှုန်းရရှိရန် (လစဉ်အကြွေးပြန်ဆပ်ရသည့်ပမာဏ / လစဉ်ဝင်ငွေ) * ၁၀၀* |
| *အပိုင်း (၂) - မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ညွှန်းကိန်းများ* | | |
| **အကူအညီ/ဝန်ဆောင်မှု အကြောင်း အသိပေးခြင်း -** စီမံကိန်းပြီးဆုံးချိန်တွင် ဖြေကြားသူ (---%)က ရရှိနိုင်သော အကူအညီများ အကြောင်း အပြည့်အဝ အသိပေးခံရခြင်းနှင့် စပ်လျဉ်း၍ ထုတ်ဖော်ပြောကြား ပါလိမ့်မည်။ | **မေးခွန်းအမှတ် (---) -** သင့်အတွက် ရရှိနိုင်သည့် အကူအညီနှင့် ဝန်ဆောင်မှုများ အကြောင်းကို သင့်အား အပြည့်အဝအသိပေးခြင်းခံရသည်ဟု ခံစားရပါသလား? (ခံစားရသည်/မခံစားရပါ)<br><br>**မေးခွန်းအမှတ် (---) -** အကူအညီနှင့်စပ်လျဉ်းသည် သတင်း အချက်အလက်အများစုကို မည်သို့ လက်ခံ ရရှိပါသနည်း? (ရွေးချယ်ရန် အဖြေများ - ရပ်ရွာအစည်းအဝေးများ၊ လက်ကမ်း စာစောင်များ၊ လူမှုမီဒီယာ၊ တဆင့်စကား၊ အခြားနည်းဖြင့်) | *အပြည့်အဝအသိပေးခြင်းခံရသည်ဟု ခံစားရသော ဖြေကြားသူများ၏ ရာခိုင်နှုန်းကို တိုင်းတာပါ။*<br><br>*<u>ပုံသေနည်း</u> - (အသိပေးခံရသည်ဟု ဖြေကြားသူ အရေအတွက် / ဖြေကြားသူအရေအတွက် စုစုပေါင်း) * ၁၀၀* |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| **အကူအညီရရှိသူအား ရွေးချယ်ရာတွင် မျှတမှု -** နောက်တစ်ကြိမ် အကဲဖြတ် ချိန်တွင် ဖြေကြားသူ (--)% က ရွေးချယ်ရေး လုပ်ငန်းစဉ်အား မျှတသည်ဟု ထင်မြင်ကြောင်း သေချာစေရမည်။ | **မေးခွန်းအမှတ် (---) -**<br>အကူအညီရရှိသူအား ရွေးချယ်ခဲ့သည့် လုပ်ငန်းစဉ်သည် မျှတသည်ဟု သင ယုံကြည် ပါသလား? (ယုံကြည်သည်/ မယုံကြည်ပါ/မသိရှိပါ) | ရွေးချယ်ရေးလုပ်ငန်းစဉ်သည် မျှတမှုရှိသည်ဟု ထင်မြင်သော ဖြေကြားသူရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br><u>ပုံသေနည်း</u> - (မျှတသည်ဟု ထင်မြင်ကြောင်း ဖြေကြားသူ အရေအတွက် / ဖြေကြားသူ အရေအတွက် စုစုပေါင်း) |
| **ချန်လုပ်ခံရမှုများအကြောင်း သိရှိခြင်း**<br>နောက်တစ်ကြိမ်အကြံပြုချက် ယူချိန်တွင် ဖြေကြားသူများ၏ (---)% က ချန်လုပ်ခံရမှုများ အဘယ်ကြောင့် ဖြစ်ပေါ်သည်ကို ပြန်ပြောနိုင်ရမည်။ | **မေးခွန်းအမှတ် (---) -**<br>အကူအညီမှ ချန်လုပ်ခံရသည့် အိမ်ထောင်စု များရှိသည်ကို သင်သိရှိပါသလား? (သိရှိသည်/မသိရှိပါ/မသေချာပါ)<br><br>**မေးခွန်း အမှတ် (---)**<br>သိရှိသည်ဆိုပါက ချန်လုပ်ခံရသည့် အကြောင်းရင်းများကို (သိပါက) ဖော်ပြပေးပါ? (အဖွင့်မေးခွန်း) | ချန်လုပ်ခံရမှုများအကြောင်း သိရှိသည်ဟု ဖြေကြားသူများ၏ ရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br><u>ပုံသေနည်း</u> - (ချန်လုပ်ခံရမှုများအကြောင်း သိရှိသည်ဟု ဖြေကြားသူအရေအတွက် / ဖြေကြားသူ အရေအတွက် စုစုပေါင်း) * ၁၀၀<br><br>အရည်အသွေးပြသရုပ်ခွဲစိတ်ဖြာမှု - ချန်လုပ်ခံရမှုများ အတွက် အများသိရှိထားသည့် အကြောင်းရင်းများ သို့မဟုတ် နားလည်မှုလွဲနေခြင်းများကို သတ်မှတ် ဖော်ထုတ်အတွက် အဖွင့်မေးခွန်းများ၏ အဖြေများကို သရုပ်ခွဲစိတ်ဖြာပါ။ |
| **လာဘ်ငွေ သို့မဟုတ် အခွင့်အရေးတောင်းခံခြင်း**<br>နောင်လာမည့် စီမံကိန်းစက်ဝန်းအတွင်းတွင် လာဘ်ငွေ သို့မဟုတ် အခွင့်အရေးတောင်းခံသည့် ဖြစ်ရပ်အစီရင်ခံမှုများကို ၅% အောက်သို့ လျှော့ချရန်။ | **မေးခွန်းအမှတ် (---) -**<br>မှတ်ပုံတင်ခြင်း သို့မဟုတ် အကူအညီပေး ခြင်း လုပ်ငန်းစဉ်အတွင်းတွင် သင့်ထံမှ လာဘ်ငွေ သို့မဟုတ် အခွင့်အရေးတောင်းခံမှု ရှိခဲ့ပါသလား? (ရှိသည်/မရှိပါ)<br><br>**မေးခွန်းအမှတ် (---) -**<br>ရှိသည်ဆိုပါက၊ တောင်းခံသည့် သဘောသဘာဝကို ဖော်ပြပေးပါ (အဖွင့်မေးခွန်း)? | လာဘ်ငွေ သို့မဟုတ် အခွင့်အရေးလက်ခံရယူနေသည်ဟု ပြောကြားသော ဖြေကြားသူများ၏ ရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br><u>ပုံသေနည်း</u> - လာဘ်ငွေ/အခွင့်အရေး တောင်းခံမှုရှိသည် ဟု ဖြေကြားသူအရေအတွက် / ဖြေကြားသူ အရေအတွက် စုစုပေါင်း * ၁၀၀<br><br>အရည်အသွေးပြသရုပ်ခွဲစိတ်ဖြာမှု - တောင်းခံမှုများ၏ သဘောသဘာဝနှင့်အခြေအနေကို နားလည်ရန်အတွက် |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| | | *ပွင့်လင်း မေးခွန်းများ၏ အဖြေများကို သရုပ်ခွဲစိတ်ဖြာပါ၊ စနစ်တကျ ကျူးလွန်သည့် ပြဿနာများကို သတ်မှတ်ဖော်ထုတ်ပါ။*<br><br>*တိုင်ကြားမှုများကို ဖြေကြားမှုနှုန်း - ဖြစ်ရပ်မည်မျှကို စီမံကိန်းသို့ တိုင်ကြားအစီရင်ခံခဲ့ကြောင်း ဆန်းစစ်အကဲဖြတ်ပါ၊ တိုင်ကြားရေးလမ်းကြောင်းများ၏ ထိရောက်မှုကို ဖော်ပြပါ။* |
| **မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အပေါ် စိတ်ကျေနပ်မှု**<br>နောက်စီမံကိန်းတွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အပေါ် စိတ်ကျေနပ်မှု ၈၅% ရရှိရမည်။ | **မေးခွန်းအမှတ် (---) -**<br>မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အပေါ် စိတ်ကျေနပ်မှု မည်မျှရှိပါသနည်း?<br>(အလွန်ကျေနပ်သည်/ ကျေနပ်သည်/ပုံမှန်/ မကျေနပ်ပါ/ အလွန်မကျေနပ်ပါ)<br><br>**မေးခွန်းအမှတ် (---) -**<br>မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွင် မည်သည့်ပြင်ဆင်မှုများ ပြုလုပ်ရန် အကြံပြုလိုပါသနည်း။ (အဖွင့်မေးခွန်း) | *"အလွန်ကျေနပ်သည်" သို့မဟုတ် "ကျေနပ်သည်"ဟု ဖြေကြားသူများ၏ ရာခိုင်နှုန်းကို တွက်ချက်ပါ။*<br><br>*<u>ပုံသေနည်း</u> - (ကျေနပ်ကြောင်းဖြေဆိုသူ အရေအတွက် / ဖြေကြားသူအရေအတွက်စုစုပေါင်း) * ၁၀၀*<br><br>*မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွင် တိုးတက်အောင် လုပ်ဆောင်ရမည့် နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်နိုင်ရေးအတွက် အဖွင့်မေးခွန်းမှ အကြံပြုချက်များကို ပြန်လည်သုံးသပ်ပါ။* |
| ငွေကြေးအကူအညီကို စံပြုအကူအညီပုံစံအဖြစ် ကျေနပ်မှုရှိကြောင်း ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း | **မေးခွန်းအမှတ် (---) -**<br>သင်သည် ငွေကြေးအကူအညီကို စံပြုအကူအညီပုံစံအဖြစ် စိတ်ကျေနပ်မှု ရှိပါသလား? | *ဤမေးခွန်းအတွက် "ကျေနပ်မှုရှိသည်" ဟု ဖြေဆိုသည့် အိမ်ထောင်စုအရေအတွက်ကို ပေါင်းပြီး၊ မေးခွန်းကို ဖြေဆိုခဲ့သည့် အိမ်ထောင်စုအရေအတွက်စုစုပေါင်းနှင့် စားခြင်းအားဖြင့် တွက်ချက်ရန်လိုအပ်ပါသည်။*<br><br>*<u>ပုံသေနည်း</u> - "ကျေနပ်မှုရှိသည်" ဟုဖြေဆိုသည့် အိမ်ထောင်စုအရေအတွက် / "ရှိသည်" "မရှိပါ" တစ်မျိုးမျိုးကို ဖြေဆိုခဲ့သည့် အိမ်ထောင်စုအရေအတွက်* |
| အကြံပြုချက်ပေးရမည့် သို့မဟုတ် တိုင်ကြားရမည့် နည်းလမ်းအကြောင်း | **မေးခွန်းအမှတ် (---) -**<br>မေးခွန်း၊ အခက်အခဲ၊ အကြံပြုချက်၊ တိုင်ကြားချက်များရှိပါက အဖွဲ့ အစည်းသို့ | *ဤမေးခွန်းအတွက် "ပေးခဲ့သည်"ဟု ဖြေဆိုသော အိမ်ထောင်စုအရေအတွက်ကို ပေါင်းပြီး၊ မေးခွန်းကို ဖြေဆိုခဲ့သည့် အိမ်ထောင်စုအရေအတွက်စုစုပေါင်းနှင့်* |

DRAFT

INTER-AGENCY CMWG CASH & MARKETS WORKING GROUP MYANMAR

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | *သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်* |
|---|---|---|
| သိရှိသည်ဟု ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း | ဆက်သွယ် ပြောကြား နိုင်မည့်နည်းလမ်းနှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များကို အဖွဲ့အစည်းက သင့်အား ပေးခဲ့ပါသလား? | *စားခြင်းအားဖြင့် တွက်ချက်ရန်လိုအပ်ပါသည်။*<br><br>*ပုံသေနည်း - "ပေးခဲ့သည်" ဟုဖြေဆိုသည့် အိမ်ထောင်စု အရေအတွက် / "ပေးခဲ့သည်" "မပေးခဲ့ပါ" တစ်မျိုးမျိုးကို ဖြေဆိုခဲ့သည့် အိမ်ထောင်စုအရေအတွက်* |
| ***အမျိုးသမီးများက ဆုံးဖြတ်ချက်ချမှတ်ခြင်း*** | | |
| ငွေကြေးအကူအညီအား အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်ခဲ့သည့် အိမ်ထောင်စု ရာခိုင်နှုန်း | **မေးခွန်းအမှတ် (---) -** အိမ်ထောင်စုက ရရှိသည့် ငွေကြေး အကူအညီအကြောင်းကို အိမ်ထောင်စု တွင်းရှိ အမျိုးသမီးတစ်ဦးဦးက သိရှိပါ သလား? (သိရှိသည် / မသိရှိပါ)<br><br>**မေးခွန်းအမှတ် (---) -** ငွေကြေးအကူအညီအား မည်သို့ အသုံးပြုမည်ကို ဆုံးဖြတ်ရာတွင် အိမ်ထောင်စုအတွင်းရှိ အမျိုးသမီးများက ပါဝင်မှု ရှိပါသလား? (ရှိသည် / မရှိပါ)<br><br>**မေးခွန်းအမှတ် (---) -** ငွေကြေးအကူအညီအား အသုံးပြုခြင်း နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာ၌ မည်သူ့တွင် အဓိကတာဝန်ရှိ သနည်း။ (အမျိုးသမီးများသာ/ အမျိုးသားများသာ/ နှစ်ဦးလုံး/ အခြားသူများ)<br><br>**မေးခွန်းအမှတ် (---) -** ငွေကြေးအကူအညီအား မည်သို့ အသုံးပြုမည်ကို ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများက မည်သည့်နယ်ပယ်များ၌ ပါဝင်ကူညီသနည်း? (စားနပ်ရိက္ခာ၊ | *အချိုးကို တွက်ချက်ပါ။*<br>*ငွေကြေးအကူအညီအား သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်သည့် အိမ်ထောင်စု ရာခိုင်နှုန်းကို ဆုံးဖြတ်ပါ။*<br><br>***အချက်အလက်ခွဲခြားဖော်ပြခြင်း***<br>*အဖြေများကို (အသက်၊ ပညာရေးစသည့်) လူမှုဆိုင်ရာ အချက်များ၊ အိမ်ထောင်ဦးစီးနှင့် ဆက်စပ်မှု စသည်တို့ဖြင့် ခွဲခြားဖော်ပြပါ။ အမျိုးသမီးများ၏ ပါဝင်မှုနှင့်စပ်လျဉ်း၍ ဒေသအလိုက် ကွဲပြားခြားနားမှု များကို ဆန်းစစ်အကဲဖြတ်နိုင်ရန်အတွက် တည်နေရာများကိုလည်း ထည့်သွင်းဖော်ပြပါ။*<br><br>*အမျိုးသမီးများ၏ ပါဝင်မှုအဆင့်သည် ထူးခြားသော ရလဒ်များနှင့် (ဥပမာအားဖြင့် ငွေစုခြင်း သို့မဟုတ် အိမ်ထောင်စု၏ ဘတ်ဂျက်သုံးစွဲမှု တိုးတက်လာခြင်း) မည်သို့ ဆက်စပ်မှုရှိသည်ကို ဖော်ထုတ်ပါ။*<br><br>*အမျိုးသမီးများက ရင်ဆိုင်နေရသည့် ဘုံအတားအဆီးများကို နားလည်ရန်အတွက် အဖွင့်မေးခွန်းမှ အဖြေများကို အရည်အသွေးပြ သရုပ်ခွဲစိတ်ဖြာမှု ပြုလုပ်ပါ၊ အမျိုးသမီးများ၏ ပါဝင်မှု တိုးတက်စေရေးအတွက် ဖြေကြားသူများထံမှ* |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | *သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်* |
|---|---|---|
| | ပညာရေး၊ ကျန်းမာရေး၊ ငွေစုခြင်း၊ အခြား)<br><br>**မေးခွန်းအမှတ် (---) -**<br>ငွေကြေးအကူအညီအား မည်သို့ အသုံးပြုမည်ကို ဆုံးဖြတ်ချက် ချမှတ်ရာ၌ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို ဟန့်တားနေသည့် အတားအဆီးတစ်ခုခု ရှိပါသလား? (ရှိသည်/မရှိပါ)<br>ရှိသည်ဆိုပါက အသေးစိတ်ဖော်ပြပေးပါ? (အဖွင့်မေးခွန်း)<br><br>**မေးခွန်းအမှတ် (---) -**<br>ငွေကြေးအကူအညီဆိုင်ရာ ဆုံးဖြတ်ချက်များတွင် အမျိုးသမီးများ ပါဝင်ခြင်းသည် အိမ်ထောင်စု၏ ငွေရေးကြေးရေး စီမံခန့်ခွဲမှုအပေါ် အပြုသဘောဖြင့် သက်ရောက်မှု ရှိခဲ့ပါသလား? (ရှိသည်/ မရှိပါ/ မသိရှိပါ)<br><br>**မေးခွန်းအမှတ် (---) -**<br>ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှုကြောင့် မည်သည့် အပြောင်းအလဲများ ရှိခဲ့ပါသနည်း? (အဖွင့်မေးခွန်း သို့မဟုတ် အဆင့်သတ်မှတ်မှု) | *အကြံပြုချက်များကို စုစည်းဖော်ထုတ်ပါ။* |
| ငွေကြေးအကူအညီအား သုံးစွဲခြင်းအတွက် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အမျိုးသမီးများ ပါဝင်သည့် အကြိမ်ရေ | **မေးခွန်းအမှတ် (---) -**<br>သင့်အိမ်ထောင်စုတွင် ငွေကြေးအကူအညီအား သုံးစွဲရန် ဆွေးနွေးရာ၌ အမျိုးသမီးများ အကြိမ်ရေမည်မျှ ပါဝင်သနည်း? (အမြဲတမ်း/ မကြာခဏ/ တခါတရံ/ ပါဝင်ခဲ့သည်/ မပါဝင်) | *ငွေကြေးအကူအညီနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာ၌ အမျိုးသမီးများ မည်သို့ ပုံမှန်ပါဝင်နေသည်ကို နားလည်ရန်အတွက် (အမြဲတမ်း၊ မကြာခဏ၊ တခါတရံ၊ ပါဝင်ခဲ့သည်၊ မပါဝင်စသည့်) အကြိမ်ရေတစ်မျိုးချင်းအတွက် အိမ်ထောင်စုများ၏ အချိုးကို ဆုံးဖြတ်ပါ။* |

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| | **မေးခွန်းအမှတ် (---)** - ငွေကြေးအကူအညီနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် ချမှတ်သည့် မည်သည့်အဆင့်များတွင် အမျိုးသမီးများ ပါဝင်ကြပါသနည်း? (စီစဉ်ခြင်း/ ခွဲဝေသတ်မှတ်ခြင်း/ သုံးစွဲခြင်း) | *အချို့သောအဆင့်များတွင် အမျိုးသမီးများသည် အခြားသူများထက် ပိုမိုပါဝင်ခြင်း ရှိမရှိကို ကြည့်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်နှင့် ပါဝင်မှုအကြိမ်ရေကို အပြန်အလှန်နှိုင်းယှဉ်၍ ဆက်စပ်ကြည့်ပါ။*<br><br>*အမျိုးသမီးများ၏ ပါဝင်မှုအား မည်သူက အစပြုသည်ကို ပုံစံများ သို့မဟုတ် လမ်းကြောင်းများ ရှာဖွေကြည့်ပါ။ ဤနည်းအားဖြင့် အိမ်ထောင်စုအတွင်း ပါဝါအရွေ့များနှင့် လုပ်ပိုင်ခွင့်ပေးခြင်း/အကူအညီပေးခြင်းအတွက် ဖြစ်နိုင်သော နယ်ပယ်များကိုကြည့်ရန် အသေးစိတ် အချက်များကို ထောက်ပံ့ပေးနိုင်ပါသည်။* |
| *အပိုင်း (၂) - ဖြန့်ဝေရေးလုပ်ငန်းစဉ်အတွက် ညွှန်းကိန်းများ* | | |
| **ဖြန့်ဝေရေးလုပ်ငန်း၏ အချိန်မှန်မှု** - နောက်တစ်ကြိမ် အကူအညီ မဖြန့်ဝေမီတွင်လက်ရှိဖြန့်ဝေမှုများ၏ ၁၀၀ % ကို စီစဉ်ထားသည့် နေ့ရက်နှင့် အချိန်အတိုင်း ပြုလုပ်နိုင်ခဲ့သည်ဟု ပါဝင်ဖြေကြားသူများက အတည်ပြုသည်။ | **မေးခွန်းအမှတ် (---)** - အကူအညီဖြန့်ဝေမှုကို စီစဉ်ထားသည့် နေ့ရက်နှင့် အချိန်တွင် ပြုလုပ်ခဲ့ပါသလား? (ပြုလုပ်ခဲ့သည်/ မပြုလုပ်ခဲ့ပါ)<br><br>**မေးခွန်းအမှတ် (---)** - မပြုလုပ်ခဲ့ဟု ဆိုပါက၊ ရက်မည်မျှ/ နာရီမည်မျှ နောက်ကျခဲ့ပါသနည်း? (အဖွင့်မေးခွန်း သို့မဟုတ် နာရီ/ရက် အရေအတွက်ကို ဖော်ပြထားသည့် ရွေးချယ်စရာအဖြေများ) | အကူအညီဖြန့်ဝေမှု မည်မျှအား အချိန်မီ ပြုလုပ်နိုင်ခဲ့သည်ကို ရေတွက်ပါ။<br><br>*ပုံသေနည်း - စီစဉ်ထားသည့် နေ့ရက်တွင် ဖြန့်ဝေပေးမှု အရေအတွက် / ဖြန့်ဝေမှု အရေအတွက် စုစုပေါင်း) * ၁၀၀* |
| **ဖြန့်ဝေရာနေရာ၌ စောင့်ဆိုင်းရသည့် အချိန်** စီမံကိန်းပြီးဆုံးချိန်တွင် ဖြန့်ဝေမှု အကြိမ်ရေ၏ အနည်းဆုံး ၉၀% ၌ အကူအညီ ရရှိသူ | **မေးခွန်းအမှတ် (---)** - သင်၏ အကူအညီကို မရရှိမီတွင် အချိန်မည်မျှကြာကြာ စောင့်ဆိုင်းခဲ့ရသနည်း? (၃၀ မိနစ်အောက်၊ ၃၀-၆၀ မိနစ်အတွင်း၊ တစ်နာရီအထက်) | (၃၀) မိနစ်ထက်ပို၍ စောင့်ဆိုင်းခဲ့ရသည့် အကူအညီရရှိသူအရေအတွက်ကို ရေတွက်ပါ။<br><br>*ပုံသေနည်း - (၃၀ မိနစ်ထက်ပို၍ စောင့်ဆိုင်းခဲ့ရသည့် အကူအညီရရှိသူအရေအတွက် / စစ်တမ်းကောက်ယူခဲ့* |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| များ၏ စောင့်ဆိုင်းချိန်ကို (၃၀) မိနစ်အောက်သို့ လျှော့ချရန်။ | | *သည့် အကူအညီရရှိသူအရေအတွက်စုစုပေါင်း) * ၁၀၀* |
| **ဖြန့်ဝေရေးလုပ်ငန်းစဉ်အပေါ် စိတ်ကျေနပ်မှု**<br>ယခုစစ်တမ်းမှ ရရှိသည့် အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နောက်စီမံကိန်း စက်ဝန်းတွင် ဖြန့်ဝေရေး လုပ်ငန်းစဉ် အပေါ် စိတ်ကျေနပ်မှု ၈၅% ရရှိရမည်။ | **မေးခွန်းအမှတ် (---) -**<br>ဖြန့်ဝေရေးလုပ်ငန်းစဉ်အပေါ် စိတ်ကျေနပ်မှု မည်မျှရှိပါသနည်း?<br>(အလွန်ကျေနပ်သည်/ ကျေနပ်သည်/ ပုံမှန်/ မကျေနပ်ပါ/ အလွန်မကျေနပ်ပါ)<br><br>**မေးခွန်းအမှတ် (---) -**<br>ဖြန့်ဝေရေးလုပ်ငန်းစဉ်တွင် မည်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန် အကြံပြုလိုပါသနည်း။ (အဖွင့်မေးခွန်း) | *အကူအညီရရှိသူ မည်မျှက ကျေနပ်မှုရှိသည်၊ မည်မျှက ကျေနပ်မှု မရှိသည်ကို ရေတွက်ပါ။*<br><br>*<u>ပုံသေနည်း</u> - (အလွန်ကျေနပ်ကြောင်း သို့မဟုတ် ကျေနပ်ကြောင်း ဖြေဆိုသူ အရေအတွက် / ဖြေကြားသူအရေအတွက်စုစုပေါင်း) * ၁၀၀*<br><br>*ဖြန့်ဝေရေးလုပ်ငန်းစဉ်တွင် တိုးတက်အောင် လုပ်ဆောင်ရမည့် နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်နိုင်ရေးအတွက် အဖွင့်မေးခွန်းမှ အကြံပြုချက်များကို ပြန်လည်သုံးသပ်ပါ။* |
| **ဖြန့်ဝေစဉ်အတွင်း ဘေးကင်းလုံခြုံရေး**<br>ဖြန့်ဝေသည့်အကြိမ်တိုင်းတွင် အကူအညီလက်ခံရယူစဉ်နှင့် သွားလာစဉ်အတွင်း ဘေးကင်းလုံခြုံသည်ဟု ခံစားရကြောင်း အကူအညီရရှိသူများ၏ ၉၅% က ပြောကြားသည်။ | **မေးခွန်းအမှတ် (---) -**<br>ဖြန့်ဝေရေးနေရာသို့ သွားလာစဉ်နှင့် ဖြန့်ဝေနေစဉ်အတွင်းတွင် သင်သည် ဘေးကင်းလုံခြုံသည်ဟု ခံစားခဲ့ရပါသလား?<br>(ခံစားရသည်/မခံစားရပါ)<br><br>**မေးခွန်းအမှတ် (---)-**<br>မခံစားရဟုဆိုပါက၊ မည်သည့်အချက်က သင့်အား ဘေးကင်းလုံခြုံမှု မဖြစ်စေသနည်း? (အဖွင့်မေးခွန်း) | အကူအညီဖြန့်ဝေနေစဉ် အတွင်းတွင် ဘေးကင်းလုံခြုံမှု မရှိဟု ခံစားရသော အကူအညီရရှိသူ မည်မျှ ရှိသည်ကို ရေတွက်ပါ။<br><br>*<u>ပုံသေနည်း</u> - ဘေးကင်းလုံခြုံမှုမရှိဟု ခံစားရသော ဖြေကြားသူအရေအတွက် / ဖြေကြားသူအရေအတွက် စုစုပေါင်း) * ၁၀၀*<br><br>*တိုးတက်အောင် ပြုပြင်ရမည့်နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်ရန်အတွက် အဖွင့်မေးခွန်းမှ ရရှိသည့် ဖြေကြားချက်များကို ပြန်လည်သုံးသပ်ပါ။* |
| **ဖြန့်ဝေရေးနေရာသို့ သွားလာသည့်နည်းလမ်း**<br>ဖြန့်ဝေမှုတစ်ခုပြီးဆုံးတိုင်းတွင် ပြီးစီးမှုရာခိုင်နှုန်းနှင့်အတူ၊ ဖြန့်ဝေရေးနေရာများသို့ | **မေးခွန်းအမှတ် (---) -**<br>သင်သည် ဖြန့်ဝေရေးနေရာသို့ ရောက်ရှိရန် အတွက် အောက်ပါသွားလာရေး နည်းလမ်းတစ်ခုခုကို အသုံးပြုပါသလား?<br>(သက်ဆိုင်သည့် နည်းလမ်းအားလုံးကို | မှတ်တမ်းတင်ထားသည့် သွားလာရေးနည်းလမ်းများ ရှိနေသော အကူအညီရရှိသူများ၏ ရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br>*<u>ပုံသေနည်း</u> - (မှတ်တမ်းတင်ထားသော သွားလာရေး* |

DRAFT

INTER-AGENCY CMWG CASH & MARKETS WORKING GROUP MYANMAR

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| ရောက်ရှိသည့် အကူအညီ ရရှိသူ အားလုံး၏ သွားလာ သည့် နည်းလမ်းများကို မှတ်တမ်းတင်ရန်။ | ရွေးချယ်ပါ) လမ်းလျှောက်ခြင်း၊ စက်ဘီး၊ အများသုံး သယ်ယူပို့ဆောင်ရေး (ဘတ်စ်ကား၊ တက္ကစီ စသည်ဖြင့်)၊ ကိုယ်ပိုင်ယာဉ် (ကား၊ မော်တော်ဆိုင်ကယ်)၊ အခြား (အသေးစိတ်ဖော်ပြပါ) | _နည်းလမ်းတစ်ခုခုရှိသည့် အကူအညီရရှိသူများ၏ အရေအတွက်/ စစ်တမ်းကောက်ယူခဲ့သည့် အကူအညီ ရရှိသူအရေအတွက်) * ၁၀၀_ |
| **ဖြန့်ဝေရေးနေရာသို့ သွားလာရန် ကုန်ကျစရိတ်** စီမံကိန်းကာလအတွင်းတွင် လက်လှမ်းမီရရှိနိုင်မှုကို အကဲဖြတ်ရန်အတွက် အကူအညီရရှိသူများအနက် (---) % ၏ သွားလာရေး ကုန်ကျစရိတ်များကို လေ့လာပြီး၊ တွေ့ရှိချက်များကို သုံးလတစ်ကြိမ်အစီရင်ခံရန်။ | **မေးခွန်းအမှတ် (---) -** သင်သည် ဖြန့်ဝေရေးနေရာသို့ ရောက်ရှိရန် အတွက် သွားလာစရိတ်မည်မျှ သုံးစွဲခဲ့ရ သနည်း? (ပမာဏကို ကျပ်ငွေဖြင့် ဖော်ပြပါ) | ဖြေကြားလာသည့် ကုန်ကျစရိတ်များကို ပေါင်းပြီး၊ ကုန်ကျစရိတ်ရှိကြောင်း ဖြေကြားလာသူ အရေအတွက် နှင့် စားပါ။<br><br>_ပုံသေနည်း - သွားလာစရိတ်စုစုပေါင်း / ကုန်ကျစရိတ် ရှိကြောင်း ဖြေကြားလာသူအရေအတွက်_ |
| **ဖြန့်ဝေရေးနေရာသို့ သွားရန် ကြာမြင့်ချိန်** နောက်တစ်ကြိမ် ဖြန့်ဝေချိန် တွင် အကူအညီရရှိသူများ အနက် ၉၀% ၏ ဖြန့်ဝေရေး နေရာသို့ သွားရန် ကြာမြင့်ချိန် ကို (---) မိနစ်အောက်သို့ လျှော့ချရန်။ | **မေးခွန်းအမှတ် (---) -** သင်သည် ဖြန့်ဝေရေးနေရာသို့ ရောက်ရှိရန် ပုံမှန်အားဖြင့် အချိန်မည်မျှ ယူရပါသနည်း?<br><br>(၁၅ မိနစ်အောက်၊ ၁၅-၃၀ မိနစ်၊ ၃၁-၄၅ မိနစ်၊ ၄၆-၆၀ မိနစ်၊ ၆၀ မိနစ်အထက်) | သွားရန် ကြာမြင့်ချိန် (၁၅) မိနစ်အောက်နည်းသည့် အကူအညီရရှိသူများ၏ ရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br>_ပုံသေနည်း - (သွားရန်ကြာချိန် (၁၅) မိနစ်အောက် နည်းသည့် အကူအညီရရှိသူအရေအတွက်/ အကူအညီရရှိသူအရေအတွက်စုစုပေါင်း) * ၁၀၀_ |
| **ဖြန့်ဝေရေးနေရာ၏ တည်နေရာအပေါ် ကျေနပ်မှု** ဖြေကြားသူများ၏ အကြံပြု ချက်များကို ဖြေရှင်းပေးခြင်း အားဖြင့် နောက်တစ်ကြိမ် | **မေးခွန်းအမှတ် (---) -** ဖြန့်ဝေရေးနေရာ၏ တည်နေရာအပေါ် မည်မျှအထိ ကျေနပ်မှုရှိပါသနည်း? (အလွန်ကျေနပ်သည်/ ကျေနပ်သည်/ ပုံမှန်/ မကျေနပ်ပါ/ အလွန်မကျေနပ်ပါ) | တည်နေရာအပေါ် ကျေနပ်မှုရှိသည့် အကူအညီ ရရှိသူများ၏ ရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br>_ပုံသေနည်း - (အလွန်ကျေနပ်ကြောင်း သို့မဟုတ် ကျေနပ်ကြောင်း ဖြေဆိုသူ အရေအတွက် /_ |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| ဖြန့်ဝေချိန်တွင် ဖြေကြားသူများ အနက် ၉၀%က ဖြန့်ဝေရေး တည်နေရာအပေါ် ကျေနပ်မှု ရှိလာစေရန်။ | **မေးခွန်းအမှတ် (---) -**<br>ဖြန့်ဝေရေးနေရာ၏ တည်နေရာကို တိုးတက်စေရေးအတွက် အကြံပြုချက် တစ်ခုခုရှိပါက မျှဝေပေးပါ (အဖွင့်မေးခွန်း) ? | *ဖြေကြားသူအရေအတွက်စုစုပေါင်း) * ၁၀၀*<br><br>*လုပ်ဆောင်ရမည့် နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်နိုင်ရေးအတွက် အဖွင့်မေးခွန်းမှ အကြံပြုချက်များကို ပြန်လည်သုံးသပ်ပါ။* |
| **ဖြန့်ဝေရေးနေရာတွင် မလျော်မကန်တောင်းဆိုမှုများ ရှိသည်ဟူသော တိုင်ကြားချက်များ**<br>---(အချိန်)--တွင် ဖြန့်ဝေရေး နေရာများ၌ အခွင့်အရေး၊ ငွေကြေး သို့မဟုတ် လက်ဆောင် တောင်းခံမှု ရှိသည် ဟူသော တိုင်ကြား ချက်နှုန်းကို ၀% ဖြစ်စေရန်။ | **မေးခွန်းအမှတ် (---) -**<br>သင်သည် ဖြန့်ဝေရေးနေရာတွင် အကူအညီ မရယူမီ၊ ရယူနေစဉ် သို့မဟုတ် ရယူပြီး နောက်ပိုင်းတွင် အခွင့်အရေး၊ ငွေကြေး သို့မဟုတ် လက်ဆောင်တစ်ခုခုကို အတောင်းခံရခြင်း ရှိခဲ့ပါသလား? (ရှိသည်/ မရှိပါ)<br><br>**မေးခွန်းအမှတ် (---) -**<br>ရှိသည်ဆိုပါက၊ မည်သည့်အရာအား တောင်းဆိုခံရသည်ကို ဖော်ပြပေးပါ? (အဖွင့်မေးခွန်း) | ငွေကြေး၊အခွင့်အရေးစသည်ဖြင့် တောင်းဆိုခံရသည်ဟု ပြောကြားသော အကူအညီရရှိသူ ရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br>*ပုံသေနည်း - (အခွင့်အရေး/ငွေကြေး.လက်ဆောင် တောင်းဆိုခံရသည်ဟု ပြောကြားသည့် ဖြေကြားသူအရေအတွက် / ဖြေကြားသူအရေအတွက် စုစုပေါင်း) * ၁၀၀*<br><br>ထုတ်ဖော်ပြောကြားခဲ့သည့် ဖြစ်ရပ်များကို ချက်ချင်းပြန်လည်သုံးသပ်၍ ဖြေရှင်းပါ။ |
| **အပိုင်း (၃) - ဈေးကွက်ဆိုင်ရာ သီးသန့်ညွှန်းကိန်းများ** | | |
| **အကူအညီရရှိပြီးနောက်ပိုင်း ဈေးသို့သွားခြင်း -**<br>အကူအညီရရှိသူများက ငွေကြေးအကူအညီ ရရှိပြီး နောက် နှစ်လအတွင်း ဈေးသို့သွားသည့်နှုန်းသည် ၉၅% ရှိရမည်။ | **မေးခွန်း**<br>သင်သည် ငွေကြေးအကူအညီရရှိပြီး နောက်တွင် အိမ်ထောင်စု၏ လိုအပ်ချက်များကို ပံ့ပိုးဝယ်ယူနေသည့် ဈေးသို့ သွားခဲ့ပါသလား? (သွားသည်/ မသွားပါ) | အကူအညီရရှိပြီးနောက်တွင် ဈေးသို့သွားခဲ့သည့် အကူအညီရရှိသူအရေအတွက်ကို စစ်တမ်းကောက်ယူခဲ့သည့် အကူအညီရရှိသူအရေအတွက် စုစုပေါင်းနှင့် စားခြင်းအားဖြင့်ရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br>*ပုံသေနည်း - (ဈေးသို့သွားခဲ့သည့် အကူအညီရရှိသူ အရေအတွက် / စစ်တမ်းကောက်ယူခဲ့သည့် အကူအညီ ရရှိသူအရေအတွက် စုစုပေါင်း) * ၁၀၀* |
| **ဈေးသို့သွားရာတွင် ဘေးကင်းလုံခြုံမှုနှင့် အဆင်ပြေမှု -** | **မေးခွန်း**<br>ဈေးသို့သွားရာတွင် ဘေးကင်းလုံခြုံပြီး | ဘေးကင်းလုံခြုံ၍ အဆင်ပြေသည်ဟု ပြောကြားသည့် အကူအညီရရှိသူ ရာခိုင်နှုန်းကို တွက်ချက်ပါ။ |

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| နောက်လာမည့် သုံးလအတွင်း တွင် ဈေးသို့သွားသည့် အကူအညီရရှိသူများအနက် ၉၀% က ဘေးကင်း လုံခြုံ၍ အဆင်ပြေသည်ဟု အစီရင်ခံ နေရမည်။ | အဆင်ပြေသည်ဟု သင်ခံစားရပါသလား? (ခံစားရသည်/မခံစားရပါ/တခါတရံ) (တခါတရံဆိုပါက ရှင်းပြပေးပါ) | ပုံသေနည်း - (ဘေးကင်းလုံခြုံ၍ အဆင်ပြေသည်ဟု ခံစားရသော အကူအညီရရှိသူ အရေအတွက်) / ဖြေကြားသူ အရေအတွက်စုစုပေါင်း) * ၁၀၀ |
| **ဈေးသို့ သယ်ယူပို့ဆောင်ရေး -** လက်ရှိ စီမံကိန်းကာလ အတွင်းတွင် ဈေးသို့သွားသည့် အကူအညီ ရရှိသူများအနက် (---) % ၏ သယ်ယူပို့ဆောင်ရေး နည်းလမ်းများကို အမျိုးအစား ခွဲပြီး မှတ်တမ်းတင်ရမည်။ | **မေးခွန်း** ဈေးသို့သွားရန်အတွက် မည်သည့် သယ်ယူပို့ဆောင်ရေး နည်းလမ်းကို အသုံးပြုပါသနည်း? (လမ်းလျှောက်ခြင်း၊ အများသုံးပို့ဆောင်ရေး၊ ကိုယ်ပိုင်ယာဉ်၊ အခြား) (အခြားဆိုပါက အသေးစိတ်ဖော်ပြပေးပါ) | သယ်ယူပို့ဆောင်ရေးနည်းလမ်းများကို အမျိုးအစား ခွဲခြားပြီး၊ အသုံးအများဆုံးနည်းလမ်းများကို သတ်မှတ်ပါ - <br>• အချက်အလက်များကို ဖော်ပြရာ၌ ရာခိုင်နှုန်းကို အသုံးပြုပါ။<br><br>ပုံသေနည်း - (နည်းလမ်းတစ်ခုစီကို သုံးနေသည့် အကူအညီရရှိသူအရေအတွက်/ ဈေးသို့သွားသည့် အကူအညီရရှိသူအရေအတွက် စုစုပေါင်း) * ၁၀၀ |
| **ဈေးသွားရန် ကုန်ကျစရိတ် အစီရင်ခံခြင်း -** စီးပွားရေးအကြပ်အတည်းကို အကဲဖြတ်ရန်အတွက် သုံးလပတ်အကုန်တွင် အကူအညီရရှိသူများအနက် (---) % ၏ ဈေးသွားရန် ကုန်ကျစရိတ် များကို မှတ်တမ်းတင်ထားရမည်။ | သင်သည် ဈေးသို့ အသွားအပြန်အတွက် ပျမ်းမျှအားဖြင့် မည်မျှသုံးစွဲရပါသနည်း? | ဈေးသွားရန် စရိတ်ကုန်ကျကြောင်း ဖြေကြားသူများ၏ ပျမ်းမျှခရီးသွားစရိတ်ကို တွက်ချက်ပါ။<br><br>ပုံသေနည်း - ဖြေကြားသူများက ပြောကြားသည့် ဈေးသွားရန်ကုန်ကျစရိတ်ပေါင်း/ ဈေးသွားရန် စရိတ်ကုန်ကျသည်ဟု ဖြေကြားသူ အရေအတွက် |
| **လိုအပ်သည့် ပစ္စည်းများအား ဝယ်ယူနိုင်စွမ်း -** ဖြန့်ဝေရေးစက်ဝန်းအကုန်တွင် အကူအညီရရှိသူများအနက် (---) % သည် လိုအပ်သည့် ပစ္စည်းများကို ဈေးတွင် | သင်လိုအပ်သည့် ပစ္စည်းများကို ဈေးတွင် ဝယ်ယူနိုင်စွမ်း ရှိခဲ့ပါသလား? (အားလုံး/အများစု/ အချို့/ဝယ်မရပါ) | လိုအပ်သည့်ပစ္စည်းအားလုံးကို ဝယ်ယူနိုင်သည့် အကူအညီရရှိသူများ၏ ရာခိုင်နှုန်းကို သတ်မှတ်ပါ။<br><br>ပုံသေနည်း - (လိုအပ်သည့်ပစ္စည်းအားလုံးကို ဝယ်ယူနိုင်စွမ်းရှိသည့် အကူအညီရရှိသူအရေအတွက်/ ဖြေကြားသူအရေအတွက် စုစုပေါင်း) * ၁၀၀ |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| ဝယ်ယူနိုင်ရမည်။ | | |
| **အပိုင်း (၄) - MPCA ဆိုင်ရာ သီးသန့်ညွှန်းကိန်းများ** | | |
| အိမ်ထောင်စုများကိုယ်တိုင်က ဦးစားပေးအဖြစ် ဖွင့်ဆို သတ်မှတ်ထားသည့် အခြေခံ လိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်ကြောင်း အစီရင်ခံသည့် အိမ်ထောင်စု ရာခိုင်နှုန်း | **မေးခွန်း -**<br>လွန်ခဲ့သည့် ရက် (၃၀) အတွင်းတွင် သင်လက်ခံရရှိခဲ့သည့် ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူအညီကို အသုံးပြု၍ သင့်အိမ်ထောင်စုက ဦးစားပေးအဖြစ် သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ခဲ့ပါသလား? | "အပြည့်အဝဖြည့်ဆည်းနိုင်သည်" နှင့် "အများစုကို ဖြည့်ဆည်းနိုင်သည်"ဟု ဖြေကြားသည့် အိမ်ထောင်စု အရေအတွက်ကို ဤမေးခွန်းအားဖြေကြားသည့် အိမ်ထောင်စုအရေအတွက်စုစုပေါင်းနှင့် စားခြင်းအားဖြင့် တွက်ချက်ပါ။<br>*<u>ပုံသေနည်း</u> - "အပြည့်အဝဖြည့်ဆည်းနိုင်သည်"နှင့် "အများစုကို ဖြည့်ဆည်းနိုင်သည်" ဟုဖြေကြားသည့် အိမ်ထောင်စုအရေအတွက် / ဤမေးခွန်းကို ဖြေကြားသည့် အိမ်ထောင်စုအရေအတွက်စုစုပေါင်း* |
| လူသားချင်းစာနာမှုအကူအညီကို ဘေးကင်းလုံခြုံသော နည်းလမ်းဖြင့် ပေးအပ်သည်ဟု ပြောကြားသည့် (ကျားမနှင့် အသက်အလိုက်ခွဲခြားထားသော) အကူအညီလက်ခံရရှိသူ အရေအတွက် | **မေးခွန်း -**<br>သင်သည် မှတ်ပုံတင်ခြင်း၊ အကူအညီ လက်ခံရယူခြင်း၊ အကူအညီအား အသုံးပြုခြင်းအပါအဝင် MPC စီမံကိန်းတွင် ပူးပေါင်းပါဝင်ရာ၌ ဘေးကင်းလုံခြုံသည်ဟု ခံစားရပါသလား? | "အပြည့်အဝခံစားရသည်" နှင့် "အများစုခံစားရသည်"ဟု ဟု ဖြေကြားသည့် အိမ်ထောင်စု အရေအတွက်ကို ဤမေးခွန်းအားဖြေကြားသည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်းနှင့် စားခြင်းအားဖြင့် တွက်ချက်ပါ။<br>*<u>ပုံသေနည်း</u> - "အပြည့်အဝခံစားရသည်"နှင့် "အများစု ခံစားရသည်" ဟုဖြေကြားသည့် အိမ်ထောင်စု အရေအတွက် / ဤမေးခွန်းကို ဖြေကြားသည့် အိမ်ထောင်စု အရေအတွက်စုစုပေါင်း* |
| လူသားချင်းစာနာမှုအကူအညီကို လက်လှမ်းမီရရှိနိုင်သော နည်းလမ်းဖြင့် ပေးအပ်သည်ဟု ပြောကြားသည့် အကူအညီ လက်ခံရရှိသူ ရာခိုင်နှုန်း | **မေးခွန်း -**<br>သင်သည် ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေး အကူအညီ ရရှိရန် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အပေါ် မည်မျှ ကျေနပ်မှု ရှိပါသနည်း?<br>(အဆင့် ၁ မှ ၅ အတွင်း ရွေးချယ်ရန်) (၁ - အလွန်မကျေနပ်ပါ၊ ၂ - မကျေနပ်ပါ၊ ၃ - ပုံမှန်၊ ၄ - ကျေနပ်သည်၊ ၅- အလွန်ကျေနပ်)<br><br>**မေးခွန်း -** | ဤမေးခွန်းအတွက် "အလွန်ကျေနပ်သည်" နှင့် "ကျေနပ်သည်" ဟု ဖြေဆိုသည့် အိမ်ထောင်စု အရေအတွက်ကို တွက်ချက်ရန် လိုအပ်သည်။ နှစ်မျိုးလုံးအတွက် ဖြေကြားသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းကို တွက်ချက်ပါ။<br><br>ဤမေးခွန်းအတွက် "အပြည့်အဝ ထင်သည်"နှင့် "အများစု ထင်သည်"ဟုဖြေဆိုသည့် အိမ်ထောင်စု အရေအတွက်စုစုပေါင်းကို တွက်ချက်ရန်လိုအပ်သည်။ |

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | *သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်* |
|---|---|---|
| | အကူအညီလိုအပ်သူအားလုံးသည် အကူအညီ ရရှိရန် အကျုံးဝင်ပြီး၊ အကူအညီကို လက်လှမ်းမီရရှိသည်ဟု သင်ထင်ပါသလား? အကူအညီမရဘဲချန်လှပ်ခံရသူ မရှိဟု သင်ထင်ပါသလား? | နှစ်မျိုးလုံးအတွက် ဖြေကြားသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းကို တွက်ချက်ပါ။ နောက်ဆုံးရလဒ်မှာ ရာခိုင်နှုန်းနှစ်ခု၏ ပျမ်းမျှတန်ဖိုးဖြစ်ပါမည်။<br><br>*<u>ပုံသေနည်း</u> -*<br>*မေးခွန်းအမှတ် (၂၂) – "အလွန်ကျေနပ်သည်" နှင့် "ကျေနပ်သည်" ဟု ဖြေဆိုသည့် အိမ်ထောင်စု အရေအတွက် / ဤမေးခွန်းကို ဖြေဆိုသည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း ("မသိရှိပါ"/ "မဖြေဆိုလိုပါ" ဟု ပြောကြားသူများကို ချန်လှပ်ပါ)*<br>*မေးခွန်းအမှတ် (၂၉) – "အပြည့်အဝ ထင်သည်"နှင့် "အများစု ထင်သည်"ဟုဖြေဆိုသည့် အိမ်ထောင်စု အရေအတွက် / ဤမေးခွန်းကို ဖြေဆိုသည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း ("မသိရှိပါ"/ "မဖြေဆိုလိုပါ" ဟု ပြောကြားသူများကို ချန်လှပ်ပါ)* |
| ဖြည့်ဆည်းနိုင်သည့် မရှိမဖြစ်လိုအပ်ချက်များ၏ ရာခိုင်နှုန်း (ကဏ္ဍအလိုက်) | **မေးခွန်း -**<br>သင်သည် ငွေကြေးမည်မျှ သုံးစွဲခဲ့ပါသနည်း?<br>(၁) စားနပ်ရိက္ခာအတွက်<br>(၂) WASH အတွက်<br>(၃) ကျန်းမာရေးအတွက် --- | ဤမေးခွန်းသည် MEB အရ တွက်ချက်ထားသည့် ပစ္စည်းများဖြင့် အစုအဖွဲ့ (cluster) အလိုက် သတ်မှတ်ဖွင့်ဆို ထားသည့် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းနိုင်မှုကို လွှမ်းခြုံတိုင်းတာသည်။ |
| လက်ခံရရှိသည့် ငွေပမာဏ အပေါ် ကျေနပ်မှုရှိကြောင်း ပြောကြားသည့် (ကျားမနှင့် အသက်အလိုက် ခွဲခြားထားသည့်) အကူအညီလက်ခံရရှိသူ အရေအတွက် (နှင့် ရာခိုင်နှုန်း) | **မေးခွန်းအမှတ် (---)**<br>သင်သည် ငွေကြေးပမာဏ မည်မျှ လက်ခံရရှိပါသနည်း?<br><br>**မေးခွန်းအမှတ် (---) -**<br>အကူအညီပမာဏသည် အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းရန် လုံလောက်ပါသလား?<br><br>မလုံလောက်ပါက၊ အဘယ်ကြောင့်နည်း? | အကူအညီပမာဏသည် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လုံလောက်သည်ဟု အကူအညီ ရရှိသူ မည်မျှက အစီရင်ခံခဲ့သည်ကို ဆုံးဖြတ်ခြင်းအားဖြင့် လက်ခံရရှိသည့် ငွေပမာဏအပေါ် ကျေနပ်မှုရှိသည့် အကူအညီလက်ခံရရှိသူ ရာခိုင်နှုန်းကို တွက်ချက်ပါ။<br>*<u>ပုံသေနည်း</u> - အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လုံလောက်ကြောင်း ပြောကြားသည့် အိမ်ထောင်စုအရေအတွက် / ဖြေကြားသူအရေအတွက် စုစုပေါင်း* |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | *သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်* |
|---|---|---|
| | | မလုံလောက်ကြောင်း ဖြေဆိုသူများထံမှ ရရှိသည့် အကြောင်းပြချက်များကို အမျိုးအစားခွဲခြား၍ သရုပ်ခွဲဆန်းစစ်ပါ၊ ထို့နောက် မလုံလောက်ကြောင်း ဖြေကြားသူအားလုံး၏ ရာခိုင်နှုန်းမည်မျှရှိသည်ကို တွက်ချက်ဖော်ပြပါ။<br>*<u>ပုံသေနည်း</u> - အကြောင်းပြချက်ပေးသည့် အိမ်ထောင်စု အရေအတွက် / မလုံလောက်ကြောင်းဖြေကြားသည့် အိမ်ထောင်စုအရေအတွက်စုစုပေါင်း* |
| လူသားချင်းစာနာမှုအကူအညီကို အချိန်ကိုက်ဖြစ်စေသော နည်းလမ်းဖြင့် ပေးအပ်ခဲ့ကြောင်း ပြောကြားခဲ့သည့် (ကျားမနှင့် အသက်အလိုက် ခွဲခြားထားသည့်) အကူအညီ လက်ခံရရှိသူ ရာခိုင်နှုန်း | **မေးခွန်းအမှတ် (---)(က)**<br>**(မြေလျှင်အတွက် လျှာထားချက် လျှင်မြန်စွာသတ်မှတ်ခြင်း)**<br>(၇)(က) ဤ MPC စီမံကိန်းတွင် (မြေလျှင်အတွက်) သင့်အိမ်ထောင်စုက စာရင်းသွင်းချိန်မှစ၍ အကူအညီရရှိငွေကို ရရှိသုံးစွဲနိုင်သည့်အချိန်အထိ ရက်အားဖြင့် အချိန်မည်မျှ ကြာခဲ့ပါသနည်း?<br><br>**မေးခွန်းအမှတ် (---)(ခ)**<br>**(MPCA အတွက် ပုံမှန်လျာထားချက် သတ်မှတ်ခြင်း)**<br>(၇)(ခ) - ဤ MPC စီမံကိန်းတွင် သင့်အိမ်ထောင်စုက စာရင်းသွင်းချိန်မှစ၍ အကူအညီရရှိငွေကို ရရှိသုံးစွဲနိုင်သည့် အချိန်အထိ ရက်သတ္တပတ်အားဖြင့် အချိန်မည်မျှ ကြာခဲ့ပါသနည်း?<br><br>**မေးခွန်း**<br>မှတ်ပုံတင်ချိန်နှင့် အကူအညီ ရရှိသုံးစွဲချိန်ကြားတွင် စောင့်ဆိုင်းရသည့် ကာလသည် သင့်တော်သည်ဟု သင်ထင်ပါသလား? | ဤမေးခွန်းများကို အောက်ပါအတိုင်းတွက်ချက်ပါ -<br>မေးခွန်း (၇)(က) အတွက်<br>• စာရင်းသွင်းချိန်မှ အကူအညီ ရရှိချိန်အထိ ကြာမြင့်သည့် ပျမ်းမျှရက်အရေအတွက်။<br>မေးခွန်း (၇)(ခ) အတွက်<br>• စာရင်းသွင်းချိန်မှ အကူအညီ ရရှိချိန်အထိ ကြာမြင့်သည့် ပျမ်းမျှရက်သတ္တပတ်အရေအတွက်။<br>မေးခွန်း (၈) အတွက်<br>• စောင့်ဆိုင်းရချိန်သည် သင့်တော်သည်ဟု ပြောကြားသည့် အိမ်ထောင်စုရာခိုင်နှုန်း<br>• စောင့်ဆိုင်းရချိန်သည် သင့်တော်မှု မရှိဟု ပြောကြားသည့် အိမ်ထောင်စုရာခိုင်နှုန်း<br>မေးခွန်း (၉) အတွက်<br>• အကူအညီကို မှန်ကန်သည့်အချိန်တွင် (အချိန်ကိုက်) ရရှိသည်ဟု ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း<br>• အကူအညီကို မှန်ကန်သည့်အချိန်တွင် (အချိန်ကိုက်) ရရှိခဲ့ခြင်းမရှိဟု ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း<br><br>*<u>ပုံသေနည်းများ</u>*<br>• *<u>ရက်အရေအတွက်စုစုပေါင်း / ဤမေးခွန်းကို ဖြေကြားသည့် အိမ်ထောင်စုအရေအတွက်စုစုပေါင်း</u>* |

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
| --- | --- | --- |
| | **မေးခွန်း (လျာထားချက်လျင်မြန်စွာ သတ်မှတ်ခြင်းအတွက်)**<br>သင်၏ အိမ်ထောင်စုသည် ကျွန်ုပ်တို့ အဖွဲ့အစည်းက ပေးအပ်သည့် ဘက်စုံ ရည်ရွယ်ချက်သုံး ငွေကြေးအကူအညီ ကို လိုအပ်သောအချိန်တွင် လက်ခံရရှိခဲ့ပါသလား? | • *ရက်သတ္တပတ်အရေအတွက်စုစုပေါင်း / ဤမေးခွန်းကို ဖြေကြားသည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း*<br>• *စောင့်ဆိုင်းရချိန်သည် သင့်တော်သည်ဟု ဖြေကြားသည့် အိမ်ထောင်စု အရေအတွက် / ဤမေးခွန်းကို တစ်ခုခုဖြေကြားသည့် အိမ်ထောင်စုအရေအတွက်*<br>• *စောင့်ဆိုင်းရချိန်သည် သင့်တော်ခြင်းမရှိဟု ဖြေကြားသည့် အိမ်ထောင်စု အရေအတွက် / ဤမေးခွန်းကို တစ်ခုခုဖြေကြားသည့် အိမ်ထောင်စုအရေအတွက်*<br>• *အကူအညီကို မှန်ကန်သည့်အချိန်တွင် (အချိန်ကိုက်) ရရှိခဲ့သည်ဟု ပြောကြားသည့် အိမ်ထောင်စုအရေအတွက် / ဤမေးခွန်းကို တစ်ခုခုဖြေကြားခဲ့သည့် အိမ်ထောင်စုအရေအတွက်*<br>• *အကူအညီကို မှန်ကန်သည့်အချိန်တွင် (အချိန်ကိုက်) မရရှိခဲ့ပါ ပြောကြားသည့် အိမ်ထောင်စုအရေအတွက် / ဤမေးခွန်းကို တစ်ခုခုဖြေကြားခဲ့သည့် အိမ်ထောင်စုအရေအတွက်* |
| စီမံကိန်းတွင် ပူးပေါင်း ပါဝင်ရသည့်အပေါ် ကျေနပ်မှုရှိကြောင်း ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း | **မေးခွန်း -**<br>ဘက်စုံရည်ရွယ်ချက်သုံး ငွေကြေးအကူ အညီကို လက်ခံရရှိသည့် အချိန်အထိ ပါဝင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အပေါ် မည်မျှ စိတ်ကျေနပ်မှု ရှိပါသနည်း? (အဆင့် ၁ မှ ၅ အနက် တစ်ခုခုရွေးချယ်ရန်) (၁ - အလွန် မကျေနပ်ပါ၊ ၂ - မကျေနပ်ပါ၊ ၃ - ပုံမှန်၊ ၄- ကျေနပ်သည်၊ ၅- အလွန်ကျေနပ်) | ဤမေးခွန်းအတွက် “အလွန်ကျေနပ်သည်” နှင့် “ကျေနပ်သည်” ဟု ဖြေဆိုသည့် အိမ်ထောင်စုများကို ရေတွက်ပါ၊ ထို့နောက် ဤမေးခွန်းကို “မဖြေဆိုလိုပါ”နှင့် “မသိရှိပါ”ဟု ဖြေဆိုသူများကို ချန်လှပ်၍ ဤမေးခွန်းအား ဖြေကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်းကို တွက်ချက်ပါ။ |
| ငွေကြေးအကူအညီကို စံပြုအကူအညီပုံစံအဖြစ် ကျေနပ်မှုရှိကြောင်း | **မေးခွန်း အမှတ် (---) -**<br>သင်သည် ငွေကြေးအကူအညီကို စံပြုအကူအညီပုံစံအဖြစ် ကျေနပ်မှု | ဤမေးခွန်းအတွက် “ကျေနပ်မှုရှိသည်” ဟု ဖြေဆိုသည့် အိမ်ထောင်စုအရေအတွက်ကို ဤမေးခွန်းအား ဖြေဆိုခဲ့ သည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်းနှင့်စားခြင်း |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း | ရှိပါသလား? | အားဖြင့် တွက်ချက်ရန် လိုအပ်ပါသည်။ <br> *ပုံသေနည်း - "ကျေနပ်မှုရှိသည်"ဟု ဖြေဆိုသည့် အိမ်ထောင်စုအရေအတွက် / "ရှိသည်" သို့မဟုတ် "မရှိပါ" တစ်မျိုးမျိုးကို ဖြေဆိုခဲ့သည့် အိမ်ထောင်စု အရေအတွက်* |
| အကြံပြုချက် ပေးရမည့် သို့မဟုတ် တိုင်ကြားရမည့် နည်းလမ်းများအား သိရှိသည်ဟု ပြောကြားသော အိမ်ထောင်စု ရာခိုင်နှုန်း | **မေးခွန်းအမှတ် (---) -** <br> မေးခွန်းများ၊ အခက်အခဲများ၊ အကြံပြုချက်များ၊ တိုင်ကြားချက်များရှိလာပါက၊ အဖွဲ့အစည်းသို့ ဆက်သွယ်ရောက်ရှိနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အဖွဲ့အစည်းက သင့်အားထောက်ပံ့ ပေးခဲ့ပါသလား? | ဤမေးခွန်းအတွက် "ထောက်ပံ့ပေးခဲ့သည်"ဟု ဖြေဆိုသည့် အိမ်ထောင်စုအရေအတွက် စုစုပေါင်းကို ဤမေးခွန်းကို တစ်ခုခုဖြေဆိုခဲ့သည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်းနှင့် စားခြင်းအားဖြင့် တွက်ချက်ရပါမည်။ <br> *ပုံသေနည်း - "ထောက်ပံ့ခဲ့သည်"ဟု ဖြေဆိုခဲ့သည့် အိမ်ထောင်စုအရေအတွက် / ဤမေးခွန်းကို တစ်ခုခုဖြေဆိုခဲ့သည့် အိမ်ထောင်စုအရေအတွက်* |
| ***ကဏ္ဍအလိုက် သီးသန့်ညွှန်းကိန်းများ*** | | |
| ***စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ*** | | |
| မရှိမဖြစ်သော စားနပ်ရိက္ခာ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ခဲ့သည့် ရာခိုင်နှုန်း | **မေးခွန်းအမှတ် (---)(က)** <br> (အကူအညီကို လက်ခံရရှိပြီးနောက်တွင်) ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီ အပါအဝင် ဖြစ်သည့် သင့်အိမ်ထောင်စု၏ စုစုပေါင်းဝင်ငွေသည် အိမ်ထောင်စု၏ လစဉ်မရှိမဖြစ်လိုအပ်ချက်များအား မည်မျှအထိ ဖြည့်ဆည်းပေးနိုင်ကြောင်းကို ကဏ္ဍအလိုက် ဖော်ပြပေးပါ။ | *ဤမေးခွန်းသည် MEB တွင် တွက်ချက်ထားသည့် ပစ္စည်းများနှင့်အတူ အစုအဖွဲ့များက သတ်မှတ်ဖွင့်ဆိုထား သည့် အခြေခံလိုအပ်ချက်များအား လွှမ်းခြုံဖြည့်ဆည်း နိုင်မှုကို မေးမြန်းခြင်းဖြစ်သည်။* <br><br> *သရုပ်ခွဲစိတ်ဖြာမှုတွင် ဒေသအလိုက် ဖြေဆိုသည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းကို တွက်ချက်ပြီး၊ ဆက်လက်၍ တစ်နိုင်ငံလုံးအတွက် ပျမ်းမျှယူပါမည်။ တွက်ချက်မှုနှစ်ခုလုံးတွင် "အလေးပေးပျမ်းမျှတန်ဖိုး = ∑ (အမျိုးအစားတစ်ခုချင်းစီရှိ အိမ်ထောင်စုအရေအတွက် * သက်ဆိုင်ရာ ရာခိုင်နှုန်း)/ အစုလိုက်မေးခွန်းကို ဖြေကြားသည့် အိမ်ထောင်စုအရေအတွက် စုစုပေါင်း" ဖြင့် တွက်ချက်ပါမည်။* |

<table>
<tr><th>ညွှန်းကိန်း</th><th>PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ</th><th>သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်</th></tr>
<tr><td></td><td></td><td>ဤမေးခွန်းသည် ဝင်ငွေအားလုံးက လိုအပ်ချက်များအား လွှမ်းခြုံဖြည့်ဆည်းနိုင်မှုကို ညွှန်ပြရန် ဆိုလိုခြင်းကြောင့် MPCA တစ်ခုတည်းက လိုအပ်ချက်များအား လွှမ်းခြုံ ဖြည့်ဆည်းပေးနိုင်မှုအပေါ် သက်ရောက်မှုကို လည်း တစိတ်တပိုင်း ညွှန်ပြနိုင်ပါသည်။ အိမ်ထောင်စုများသည် လိုအပ်ချက်များအား ဖြည့်ဆည်းနိုင်မှုနှင့်စပ်လျဉ်း၍ ကိန်းဂဏန်းများဖြင့် မဟုတ်ဘဲ ၎င်းတို့၏ အမြင်များကိုလည်း ဖော်ပြနိုင်ပါသည်။<br><br><u>တွက်ချက်မှုဥပမာ</u><br>• လိုအပ်ချက်၏ ၀% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၉၈)စု<br>• လိုအပ်ချက်၏ ၁၀% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၈၉)စု<br>• လိုအပ်ချက်၏ ၂၅% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၇၂၅)စု<br>• လိုအပ်ချက်၏ ၅၀% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၈၈၂)စု<br>• လိုအပ်ချက်၏ ၀% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၉၈)စု<br>• လိုအပ်ချက်၏ ၇၅% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၁၆၉၂)စု<br>• လိုအပ်ချက်၏ ၀% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၉၈)စု<br>• လိုအပ်ချက်၏ ၉၀% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၃၈၁)စု<br>• လိုအပ်ချက်၏ ၁၀၀% ဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စု (၁၄၄၃)စု<br><br>အလေးပေးပျမ်းမျှတန်ဖိုး =</td></tr>
</table>

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| | | *((၉၈×၀%)+(၈၉×၁၀%)+(၇၂၅×၂၅%)+(၈၈၂×၅၀%)+(၁၆၉၂×၇၅%)+(၃၈၁×၉၀%)+(၁၄၄၃×၁၀၀%))/(၉၈+၈၉+၇၂၅+၈၈၂+၁၆၉၂+၃၈၁+၁၄၄၃) = ၃၆၈၆.၀၅/၅၃၁၀= ၆၉.၄၂%* |
| ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို လျှော့ချနိုင်မှု ညွှန်းကိန်း (rCSI) | **မေးခွန်းအမှတ် (၃၁) -** ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို လျှော့ချနိုင်မှု ညွှန်းကိန်း (rCSI) – သင်၏ အိမ်ထောင်စုသည် လွန်ခဲ့သော (၇) ရက်အတွင်းတွင် (စားစရာမရှိခြင်း သို့မဟုတ် စားစရာဝယ်ရန် ငွေမရှိခြင်းကြောင့်) အောက်ပါနည်းလမ်းတစ်ခုခုကို ကျင့်သုံးခဲ့ရသည့် နေ့ရက်များ ရှိခဲ့ပါသလား? ရှိခဲ့သည်ဆိုပါက ရက်အရေအတွက်ကို ဖော်ပြပေးပါ။ | *rCSI သည် စားနပ်ရိက္ခာဖူလုံရေးကို သရုပ်ခွဲစိတ်ဖြာရာ၌ အဓိကအသုံးပြုသည့် ညွှန်းကိန်းတစ်ခုဖြစ်ပြီး၊ အိမ်ထောင်စုများ၌ စားစရာ သို့မဟုတ် စားစရာဝယ်ရန် ငွေ အလုံအလောက် မရှိသည့်အချိန်၌ ကျင့်သုံးရသည့် ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများ၏ အကြိမ်ရေနှင့် ပြင်းထန်မှုကို တိုင်းတာသည်။*<br>*နည်းလမ်း (၅) မျိုးအနက် တစ်ခုချင်းစီ အတွက် (၀) မှ (၇) အထိ နံပတ်တစ်ခုစီကို ဖြေကြားသူအား ရွေးချယ်ခိုင်းရပါမည်။ (၀) သည် ယင်းနည်းလမ်းအား မကျင့်သုံးကြောင်း ဖော်ပြပြီး၊ (၇) သည် ယင်းနည်းလမ်းအား နေ့စဉ်ကျင့်သုံးရကြောင်း ဖော်ပြသည်။*<br>*ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်း၏ ပြင်းထန်မှုကို အခြေခံ၍ နည်းလမ်းတစ်ခုချင်းစီအတွက် အလေးပေးတန်ဖိုး တစ်ခုကို သတ်မှတ်ထားသည် -*<br>*(၁) မကြိုက်သော်လည်း ဈေးသက်သာသော စားနပ်ရိက္ခာကို မှီခိုရခြင်း (**အလေးပေးမှု - ၁**)*<br>*(၂) စားနပ်ရိက္ခာကို ချေးငှားရခြင်း သို့မဟုတ် မိတ်ဆွေများ၊ ဆွေမျိုးထံမှ အကူအညီကို မှီခိုရခြင်း (**အလေးပေးမှု - ၂**)*<br>*(၃) နေ့စဉ်စားသုံးသည့် အနပ်စာအရေအတွက်ကို လျှော့ချခြင်း (**အလေးပေးမှု - ၁**)*<br>*(၄) အနပ်စာများ၏ ပမာဏကို လျှော့ချခြင်း (**အလေးပေးမှု - ၁**)* |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| | | *(၅) ကလေးသူငယ်များကို ငွေညှာသောအားဖြင့် အရွယ်ရောက်သူများ/မိခင်များက စားသုံးသည့် ပမာဏကို လျှော့ချခြင်း (**အလေးပေးမှု - ၅**)*<br>*အိမ်ထောင်စုတစ်စုချင်းစီအတွက် ရင်ဆိုင်ဖြေရှင်းရေး နည်းလမ်း တစ်ခုစီ၏ အကြိမ်ရေကို ယင်းနည်းလမ်း အတွက် သတ်မှတ်ထားသည့် အလေးပေးမှုနှင့် မြှောက်ပါ၊ အိမ်ထောင်စု၏ rCSI ရမှတ်ကို ရရှိရန် ထိုမြှောက်လဒ်များအားလုံးကို ပေါင်းပါ။*<br><br>*<u>ပုံသေနည်း -</u> rCSI=∑(ကျင့်သုံးသည့် နည်းလမ်း၏ အကြိမ်ရေ × နည်းလမ်း၏ အလေးပေးမှု)*<br><br>*ရမှတ်မြင့်မားပါက၊ ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်း များအပေါ် ကြီးမားစွာမှီခိုနေရကြောင်း ဖော်ပြပြီး၊ စားနပ်ရိက္ခာ မလုံလောက်မှုကို ညွှန်ပြသည်။*<br><br>*ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်း တစ်ခုချင်းစီအား ပို၍ သရုပ်ခွဲစိတ်ဖြာနိုင်ရေးအတွက်၊ မိတ်ဖက်အဖွဲ့ တိုင်းသည် (အထက်ပါ) စားသုံးမှုအခြေခံသည့် နည်းလမ်းတစ်ခု ချင်းစီအတွက် ရက်အရေအတွက်အလိုက် ဖြေကြားသည့် အိမ်ထောင်စုအရေအတွက်ကို အစီရင်ခံရမည်။* |
| ***နေထိုင်စရာနေရာ (Shelter)*** | | |
| နေထိုင်စရာအတွက် အကူအညီထပ်မံလိုအပ်သည် ဟု ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း | **မေးခွန်းအမှတ် (၁၇)(က)**<br>သင်၏ အိမ်ထောင်စုက မဖြည့်ဆည်း နိုင်ခဲ့သည့် ဦးစားပေး နေထိုင်စရာ အကူအညီများမှာ ဘာဖြစ်ပါသနည်း? | *ဤမေးခွန်းသည် ဖြည့်ဆည်းရန် ကျန်ရှိနေသေးသော နေထိုင်စရာနှင့် အသုံးအဆောင်ပစ္စည်း (NFI) လိုအပ်ချက်များကို တိုင်းတာသည်။*<br>*ဤမေးခွန်းအတွက် လိုအပ်ချက်တစ်ခုချင်းအလိုက် အိမ်ထောင်စုအရေအတွက်ကို ဖော်ပြခြင်းအားဖြင့် ဖြည့်ဆည်းရန်ကျန်ရှိနေသေးသော လိုအပ်ချက်များကို သရုပ်ခွဲစိတ်ဖြာပေးရမည်။*<br>*- အိမ်ထောင်စုအသုံးအဆောင်ပစ္စည်းများ (NFIs) -* |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| | | *ကျွန်ုပ်တို့အိမ်ထောင်စုသည် NFI ပစ္စည်းများ ဝယ်ယူရန် (ကြာရှည်ခံအိတ်၊ အိပ်ရာခင်း၊ စောင်၊ မျက်နှာသုတ် ပဝါ၊ မီးဖိုခန်းသုံး ပစ္စည်း၊ ရေပုံး၊ ရေခွက်များဝယ်ယူရန်) ငွေကြေးအကူအညီ ထပ်မံလိုအပ်ပါသည်။*<br>- *အိမ်ထောင်စုအသုံးအဆောင်ပစ္စည်းများ (NFIs) - ကျွန်ုပ်တို့အိမ်ထောင်စုသည် NFI ပစ္စည်းများကို (ကြာရှည်ခံအိတ်၊ အိပ်ရာခင်း၊ စောင်၊ မျက်နှာသုတ် ပဝါ၊ မီးဖိုခန်းသုံး ပစ္စည်း၊ ရေပုံး၊ ရေခွက်များကို လက်ရောက်ပေးအပ်ခြင်း) ထပ်မံလိုအပ်ပါသည်။*<br>- *ရေမီးအဖိုးအခများ - ကျွန်ုပ်တို့အိမ်ထောင်စုသည် ရေမီးအဖိုးအခများအတွက် (လျှပ်စစ်၊ ရေ၊ အပူပေးစနစ်စသည်ဖြင့်) ငွေကြေးအကူအညီ ထပ်မံလိုအပ်ပါသည်။*<br>- *ပြင်ဆင်ခြင်း - ကျွန်ုပ်တို့ အိမ်ထောင်စုသည် နေအိမ်ပြင်ဆင်ရန် ငွေကြေးအကူအညီ ထပ်မံလိုအပ်ပါသည်။*<br>- *ပြင်ဆင်ခြင်း - ကျွန်ုပ်တို့အိမ်ထောင်စုသည် နေအိမ်ပြင်ဆင်ရန်အတွက် ပစ္စည်းအကူအညီ လိုအပ်ပါသည်။*<br>- *အိမ်ငှားရမ်းခြင်းအတွက် ငွေကြေးအကူအညီ ထပ်မံလိုအပ်ပါသည်။*<br>*လိုအပ်ချက်တစ်မျိုးချင်းစီအတွက် မဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စုအရေအတွက်ကို သရုပ်ခွဲစိတ်ဖြာရပါမည်။*<br>*ပုံသေနည်း - ဖြည့်ဆည်းရန်လိုအပ်ချက်များ ကျန်ရှိနေသေးကြောင်း ပြောကြားသည့် အိမ်ထောင်စု အရေအတွက် / ဤမေးခွန်းကို ဖြေဆိုသည့် အိမ်ထောင်စု အရေအတွက်* |
| *WASH* | | |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| တကိုယ်ရည်ကျန်းမာရေးသုံး ပစ္စည်းများ၊ အိမ်တွင်းသန့်ရှင်း ရေးသုံးပစ္စည်းများနှင့် သောက်ရေအတွက် မရှိမဖြစ် လိုအပ်ချက်များ ရခိုင်နှုန်း | **မေးခွန်းအမှတ် (---) -** (အကူအညီကို လက်ခံရရှိပြီးနောက်တွင်) ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီ အပါအဝင် ဖြစ်သည့် သင့်အိမ်ထောင်စု၏ စုစုပေါင်းဝင်ငွေသည် အိမ်ထောင်စု၏ လစဉ်မရှိမဖြစ် WASH လိုအပ်ချက်များအား မည်မျှအထိ ဖြည့်ဆည်းပေးနိုင်ကြောင်းကို ကဏ္ဍအလိုက် ဖော်ပြပေးပါ။<br>အောက်ပါတို့ ပါဝင်သည့် ရေ၊ တကိုယ်ရည် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး -<br>- တကိုယ်ရည်ကျန်းမာရေးသုံးပစ္စည်းများ (သွားတိုက်ဆေး၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊အိမ်သာသုံးစက္ကူ၊ ဓမ္မတာသုံးပစ္စည်း၊ ကလေးဒိုင်ဘာများ)။<br>- အိမ်တွင်းသန့်ရှင်းရေးသုံးပစ္စည်းများ (ရေမြုပ်များ၊ ပန်းကန်ဆေးဆပ်ပြာ စသည်)။<br>- ဘေးကင်းသော သောက်ရေ။ | ***<u>စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအပိုင်းတွင် ဖော်ပြထားသည့် လမ်းညွှန်ချက်ကို ကြည့်ပါ။</u>*** |
| လိုအပ်သည့် တကိုယ်ရည် ကျန်းမာရေးသုံး ပစ္စည်းများ အား ဈေးကွက်တွင် ရှာဖွေဝယ်ယူနိုင်စွမ်းရှိသည့် အိမ်ထောင်စု ရခိုင်နှုန်း | **မေးခွန်းအမှတ် (---) -** သင် ချက်ချင်းလိုအပ်နေသည့် မည်သည့် ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူ၍ မရနိုင်ပါသနည်း? | ***<u>နေထိုင်စရာနေရာ (Shelter) အပိုင်းတွင် ဖော်ပြထားသည့် လမ်းညွှန်ချက်ကို ကြည့်ပါ။</u>*** |
| ***ကျန်းမာရေး*** | | |
| အောက်ပါတို့ပါဝင်သည့် မရှိမဖြစ်သော ကျန်းမာရေး စောင့်ရှောက်မှုလိုအပ်ချက်များ ကို ဖြည့်ဆည်းနိုင်သည့် ရခိုင်နှုန်း | **မေးခွန်းအမှတ် (---) -** (အကူအညီကို လက်ခံရရှိပြီးနောက်တွင်) ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီ အပါအဝင် ဖြစ်သည့် သင့်အိမ်ထောင်စု၏ စုစုပေါင်းဝင်ငွေသည် အိမ်ထောင်စု၏ | ***<u>စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအပိုင်းတွင် ဖော်ပြထားသည့် လမ်းညွှန်ချက်ကို ကြည့်ပါ။</u>*** |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | *သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်* |
|---|---|---|
| - ဆေးဝါး<br>- ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကုသမှု<br>- အထောက်အကူပြုပစ္စည်းများ (နားကြားကိရိယာ၊ ဘီးတပ်ကုလားထိုင်စသည်)<br>- ကျန်းမာရေးဌာန/ဆေးဆိုင်သို့ သွားရောက်ခြင်း သို့မဟုတ် ဆေးရုံတက်ခြင်း | လစဉ်မရှိမဖြစ် ကျန်းမာရေးလိုအပ်ချက်များအား မည်မျှအထိ ဖြည့်ဆည်းပေးနိုင်ကြောင်းကို ကဏ္ဍအလိုက် ဖော်ပြပေးပါ။ | |
| အိမ်ထောင်စုဝင်များအတွက် အခြေခံဆေးဝါး၊ အထောက်အကူပြုပစ္စည်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို လိုအပ်သည့်အချိန်တွင် ရှာဖွေရယူနိုင်စွမ်းရှိသည်ဟု ပြောကြားသည့် အိမ်ထောင်စုရာခိုင်နှုန်း | **မေးခွန်းအမှတ် (---) -**<br>သင် ချက်ချင်းလိုအပ်နေသည့် မည်သည့်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဝယ်ယူ၍ မရနိုင်ပါသနည်း? | ***နေထိုင်စရာနေရာ (Shelter) အပိုင်းတွင် ဖော်ပြထားသည့် လမ်းညွှန်ချက်ကို ကြည့်ပါ။*** |
| ကျန်းမာရေးဝန်ဆောင်မှုကို ရယူအသုံးပြုရန် လိုအပ်သည့် ဆေးကုသမှု သို့မဟုတ် ကျန်းမာရေးပြဿနာများ ရှိလာချိန်တွင် ငွေရေးကြေးရေး အခက်အခဲကြောင့် လိုအပ်သည့်စောင့်ရှောက်ကုသမှု ရယူရန် နှောင့်နှေးခဲ့သည့် သို့မဟုတ် မရယူနိုင်ခဲ့သည့် အိမ်ထောင်စုရာခိုင်နှုန်း | **မေးခွန်းအမှတ် (---) -**<br>ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ငွေကြေးမရှိခြင်းကို ဖြေရှင်းရန်အတွက် လွန်ခဲ့သော (၃၀) ရက်အတွင်းတွင် သင်ကိုယ်တိုင် သို့မဟုတ် သင့် အိမ်ထောင်စုဝင်တစ်ဦးဦးသည် အောက်ပါနည်းလမ်းများအနက် တစ်ခုခုကို ကျင့်သုံးခဲ့ရပါသလား? | *ကျန်းမာရေးပြဿနာများ ရှိလာချိန်၌ လိုအပ်သည့် စောင့်ရှောက်ကုသမှုရယူရန် နှောင့်နှေးခြင်း သို့မဟုတ် မရယူနိုင်ခဲ့ခြင်းအပေါ် မေးခွန်းတစ်ခုတည်း ကိုသာ မေးမြန်းခြင်းဖြင့် ဤညွှန်းကိန်းနှစ်ခုကို ရယူ၍ ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများကို မြေပုံဆွဲလေ့လာမည်ဖြစ်သည်။*<br>*သရုပ်ခွဲစိတ်ဖြာရာ၌ အောက်ပါညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပါ -*<br>• ***ကျန်းမာရေးဝန်ဆောင်မှုကို ရယူအသုံးပြုရန် လိုအပ်သည့် ဆေးကုသမှု သို့မဟုတ် ကျန်းမာရေးပြဿနာများရှိလာချိန်၌ ငွေရေးကြေးရေး အခက်အခဲကြောင့် လိုအပ်သည့် စောင့်ရှောက်ကုသမှု ရယူရန် နှောင့်နှေးခဲ့သည့် သို့မဟုတ်*** |
| ကျန်းမာရေးဆိုင်ရာ ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်း | | |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| များအား ကျင့်သုံးနေသူ ရာခိုင်နှုန်း | | ***မရယူနိုင်ခဲ့သည့် အိမ်ထောင်စုရာခိုင်နှုန်း*** *- လိုလားသည့် ကျန်းမာရေးစောင့်ရှောက်မှု ရယူရန် နှောင့်နှေးခဲ့ကြောင်း ဖြေကြားခဲ့သည့် အိမ်ထောင်စု အရေအတွက်ကို ဤမေးခွန်းအား တစ်ခုခုဖြေကြားခဲ့သည့် အိမ်ထောင်စုအရေအတွက် စုစုပေါင်းနှင့် စားခြင်းအားဖြင့် တွက်နိုင်ပါသည်။*<br>*ပုံသေနည်း - နှောင့်နှေးမှုရှိခဲ့ကြောင်း ပြောကြားခဲ့သည့် အိမ်ထောင်စုအရေအတွက် / မေးခွန်းကို ဖြေကြားခဲ့သည့် အိမ်ထောင်စုအရေအတွက်*<br>• ***ကျန်းမာရေးဆိုင်ရာ ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများအား ကျင့်သုံးနေသူ ရာခိုင်နှုန်း*** *- မေးခွန်းတစ်ခုချင်းစီအား ဖြေကြားခဲ့သည့် အိမ်ထောင်စုအရေအတွက်ကို ("မသိရှိပါ"၊ "မဖြေဆိုလိုပါ" ဟုဖြေကြားသူများကို ချန်လှပ်ထားသည့်) ဖြေကြားသူ အိမ်ထောင်စုအရေအတွက်စုစုပေါင်းနှင့် စားခြင်းအားဖြင့် တွက်ချက်နိုင်ပါသည်။*<br>*ပုံသေနည်း -*<br>*ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းတစ်ခုခုကို ကျင့်သုံးနေသည့် အိမ်ထောင်စုအရေအတွက် / စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုအရေအတွက်*<br>*ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းတစ်ခုခုကို အသုံးပြုကြောင်း ဖြေကြားသည့် အိမ်ထောင်စုအရေအတွက် / (အဖြေတစ်ခုချင်းစီ အတွက်) မေးခွန်းကို ဖြေကြားခဲ့သည့် အိမ်ထောင်စု အရေအတွက်* |
| ***ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး*** | | |
| [ငွေရေးကြေးရေးဆိုင်ရာ ထိခိုက်လွယ်မှုကြောင့်] အိမ်ထောင်စုဝင် ကလေးသူငယ် အနည်းဆုံးတစ်ဦးက ကလေးလုပ်သားအဖြစ် | **မေးခွန်းအမှတ် (---) -**<br>သင်၏ အိမ်ထောင်စုတွင် (၁၈) နှစ်အောက် ကလေးသူငယ်တစ်ဦးဦးရှိပါသလား?<br>(ရှိသည်/မရှိပါ) | *အိမ်ထောင်စုတွင်းရှိ ကလေးသူငယ် အနည်းဆုံး တစ်ဦးက ကလေးလုပ်သားအဖြစ် လုပ်ကိုင်နေရပြီး MPCA ကို လက်ခံရရှိနေသည့် အိမ်ထောင်စုအချိုးကို တွက်ချက်ပါ။*<br>*အိမ်ထောင်စု၏ အချက်အလက်များကို လူမှုစီးပွားရေး* |

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | *သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်* |
|---|---|---|
| လုပ်ကိုင်နေရပြီး MPC ကို လက်ခံရရှိနေသည့် အိမ်ထောင်စုရာခိုင်နှုန်း | **မေးခွန်းအမှတ် (---) -** အိမ်ထောင်စုအတွင်းတွင် ကျောင်းတက်ခြင်း၊ အိမ်အလုပ်လုပ်ခြင်း မဟုတ်ဘဲ အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ် တစ်ဦးဦးရှိပါသလား? (ရှိသည်/မရှိပါ)<br><br>**မေးခွန်းအမှတ် (---) -** ကလေးသည် မည်သည့် အလုပ်တွင် လုပ်ကိုင်နေပါသနည်း? (အဖွင့်မေးခွန်း သို့မဟုတ် အဖြေများစွာ) (စိုက်ပျိုးရေးအလုပ်၊ အိမ်တွင်းအလုပ်၊ ပြင်ပကျဘမ်းအလုပ်၊ အခြား စသည်ဖြင့်)<br><br>**မေးခွန်းအမှတ် (---) -** ကလေးသူငယ်သည် အဓိကအားဖြင့် မိသားစု၏ ငွေရေးကြေးရေး လိုအပ်ချက်ကြောင့် အလုပ်လုပ်ရခြင်း ဖြစ်ပါသလား? Is (ဟုတ်ပါသည်/မဟုတ်ပါ/ မသိရှိပါ)<br>**မေးခွန်းအမှတ် (---) –** မိသားစု၏ ငွေရေးကြေးရေးအခြေအနေသည် ကလေးသူငယ်၏ အလုပ်အပေါ် လွှမ်းမိုးမှုရှိသည်ဟု သင်ယုံကြည်ပါသလား? (ရှိသည်/ မရှိပါ)<br><br>**မေးခွန်းအမှတ် (---)** MPCA လက်ခံရရှိခြင်းကြောင့် ကလေးသူငယ်၏ အလုပ်လုပ်ကိုင်မှုအပေါ် မည်သို့ သက်ရောက်မှုရှိပါသနည်း? (အဖွင့်မေးခွန်း သို့မဟုတ် အဆင့်သတ်မှတ်ခြင်း) | *အဆင့်အတန်း၊ တည်နေရာဒေသနှင့် လူဦးရေဆိုင်ရာ အချက်များအလိုက် ခွဲခြား၍ ဖော်ပြပါ။*<br><br>*ရှင်းလင်းဖော်ပြသည့် စာရင်းအင်းအချက်အလက်များကို အသုံးပြု၍ ကလေးလုပ်သား အမျိုးအစားနှင့် အရေအတွက် များပြားမှုတို့ကို သရုပ်ခွဲစိတ်ဖြာပါ။*<br><br>*ငွေရေးကြေးရေးဆိုင်ရာထိခိုက်လွယ်မှုနှင့် ကလေးလုပ်သားအဖြစ် လုပ်ကိုင်ရမှုတို့အကြားရှိ ဆက်စပ်မှုကို သတ်မှတ်ဖော်ထုတ်ရန်အတွက် အုပ်စုခွဲအလိုက် သရုပ်ခွဲစိတ်ဖြာမှု ပြုလုပ်ပါ။* |
| [ငွေရေးကြေးရေးဆိုင်ရာ | **မေးခွန်းအမှတ် (---) -** | *ငွေရေးကြေးရေးဆိုင်ရာ ထိခိုက်လွယ်မှုကြောင့်* |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ် |
|---|---|---|
| ထိခိုက်လွယ်မှုကြောင့်] ကလေးသူငယ်က ပြုစုစောင့်ရှောက်သူနှင့် ခွဲခွာနေရကြောင်း အစီရင်ခံသည့် အိမ်ထောင်စု ရာခိုင်နှုန်း (အလုပ်နှင့်ဆက်စပ်၍ ရွှေ့ပြောင်းနေထိုင်နေရခြင်းကြောင့် အပါအဝင်) | သင်၏ အိမ်ထောင်စုတွင် (၁၈) နှစ်အောက် ကလေးသူငယ်တစ်ဦးဦးရှိပါသလား? (ရှိသည်/မရှိပါ)<br><br>**မေးခွန်းအမှတ် (---) -**<br>သင့်အိမ်ထောင်စုတွင် ယခင်က (အချိန်ကာလ ဖော်ပြပါ) အဓိက ပြုစုစောင့်ရှောက်သူနှင့် ခွဲခွာနေရသည့် ကလေးသူငယ်တစ်ဦးဦး ရှိခဲ့ပါသလား? (ရှိသည်/မရှိပါ)<br>• ရှိသည်ဆိုပါက၊ ခွဲခွာနေရသည့် အကြောင်းရင်းကို ဖော်ပြပေးပါ -<br>✓ အလုပ်နှင့်ဆက်စပ်၍ ရွှေ့ပြောင်းနေထိုင်နေရခြင်း<br>✓ အိမ်ထောင်စု၏ စီးပွားရေး ကြပ်တည်းခြင်း<br>✓ မိသားစုအငြင်းပွားခြင်း သို့မဟုတ် မိသားစုကွဲနေခြင်း<br>✓ အခြား (အသေးစိတ်ဖော်ပြပါ)<br>**မေးခွန်းအမှတ် (---) -**<br>ပြုစုစောင့်ရှောက်သူနှင့် ကလေးသူငယ်တို့ ခွဲခွာနေရခြင်းသည် အဓိကအားဖြင့် ငွေရေးကြေးရေး အခက်အခဲကြောင့် ဖြစ်ပါသလား? (ဟုတ်ပါသည်/ မဟုတ်ပါ)<br><br>**မေးခွန်းအမှတ် (---) -**<br>MPC လက်ခံရရှိခြင်းကြောင့် ကလေးသူငယ်နှင့် ခွဲခွာနေရနိုင်ခြေ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ရနိုင်ခြေအပေါ် မည်သို့ သက်ရောက်ခဲ့ပါသနည်း? (အဖွင့်မေးခွန်း သို့မဟုတ် အဆင့်သတ်မှတ်ခြင်း) | *ကလေးသူငယ်က ပြုစုစောင့်ရှောက်သူနှင့် ခွဲခွာနေရပြီး၊ MPCA ကို လက်ခံရရှိနေသည့် အိမ်ထောင်စုအချိုးကို တွက်ချက်ပါ။*<br><br>*အချက်အလက်များကို ကလေးသူငယ်၏ ကျား/မ၊ အသက်နှင့် ခွဲခွာနေရသည့် အကြောင်းရင်းအလိုက် ခွဲခြားဖော်ပြပါ။*<br><br>*ရှင်းလင်းဖော်ပြသည့် စာရင်းအင်း အချက်အလက်များကို အသုံးပြု၍ MPC လက်ခံရရှိမှုနှင့် ကလေးသူငယ်များနှင့် ခွဲခွာနေရမှုတို့အကြားရှိ ဆက်စပ်မှုကို သရုပ်ခွဲစိတ်ဖြာပါ။*<br><br>*အိမ်ထောင်စု၏ လူမှုစီးပွားရေး အဆင့်အတန်း၊ တည်နေရာဒေသနှင့် ရွှေ့ပြောင်းနေထိုင်မှုပုံစံများကို အခြေခံ၍ အုပ်စုခွဲအလိုက်သရုပ်ခွဲစိတ်ဖြာမှုများကို ပြုလုပ်ပါ။* |
| [ငွေရေးကြေးရေးဆိုင်ရာ | **မေးခွန်းအမှတ် (---) -** | *MPC အကူအညီရရှိသည့်ကာလအတွင်းတွင်* |

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | *သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်* |
|---|---|---|
| ထိခိုက်လွယ်မှုကြောင့်] MPC လက်ခံရရှိနေစဉ်ကာလအတွင်းတွင် ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု (ကျားမအလိုက်၊ အသက် ၁၈ နှစ်မတိုင်မီ၊ အသက် ၁၅ နှစ်မတိုင်မီ စသည်ဖြင့် ခွဲခြားဖော်ပြရန်) ရှိခဲ့ကြောင်း ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း | MPC ကို စတင်လက်ခံရရှိချိန်မှစ၍ သင့်အိမ်ထောင်စုရှိ (အသက် ၁၈ နှစ်အောက်) ကလေးသူငယ်တစ်ဦးဦးသည် လက်ထပ်ထိမ်းမြားခြင်း သို့မဟုတ် အခြားမိသားစုနှင့် ပေါင်းစည်းခြင်း ရှိခဲ့ပါသလား? (ရှိသည်/မရှိပါ)<br><br>**မေးခွန်းအမှတ် (---)** -<br>သင့်အိမ်ထောင်စုရှိ ကလေးသူငယ်တစ်ဦးဦးသည် အသက် (၁၈) နှစ်မပြည့်မီတွင် လက်ထပ်ထိမ်းမြားခြင်း သို့မဟုတ် အခြားမိသားစုနှင့်ပေါင်းစည်းခြင်း ရှိခဲ့ပါသလား? (ရှိသည်/မရှိပါ)<br><br>**မေးခွန်းအမှတ် (---)** -<br>အသက် (၁၅)နှစ် မပြည့်မီ လက်ထပ်ခဲ့သည့် ကလေးသူငယ်တစ်ဦးဦးရှိပါက၊ ယင်းလက်ထပ်မှုသည် ငွေရေးကြေးရေးကြောင့် သို့မဟုတ် စီးပွားရေးထိခိုက်လွယ်မှုကြောင့် ဖြစ်ပါသလား? (ဟုတ်ပါသည်/ မဟုတ်ပါ/မသိရှိပါ) | *ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု ရှိခဲ့ကြောင်း ပြောကြားခဲ့သည့် အိမ်ထောင်စု ရာခိုင်နှုန်းကို သတ်မှတ်ပါ။*<br>*အချက်အလက်များကို ကလေးသူငယ်၏ ကျားမ (ရရှိနိုင်ပါက)အလိုက်လည်းကောင်း၊ လက်ထပ်သည့် အသက် ( အသက် (၁၈) နှစ်မတိုင်မီနှင့် အသက် (၁၅) နှစ်မတိုင်မီ) အလိုက်လည်းကောင်း ခွဲခြားဖော်ပြပါ။*<br>*ငွေရေးကြေးရေးထိခိုက်လွယ်မှုကြောင့် လက်ထပ်ရသည့် ဖြစ်ရပ်မည်မျှရှိသည်ကို သရုပ်ခွဲစိတ်ဖြာ၍ MPC စီမံကိန်းတွင် ပါဝင်စဉ်အတွင်း စီးပွားရေးဆိုင်ရာ အချက်များက ကလေးသူငယ်လက်ထပ်ထိမ်းမြားမှု အပေါ် လွှမ်းမိုးမှု ရှိမရှိကို သတ်မှတ်ဖော်ထုတ်ပါ။* |
| *အသုံးအဆောင်ပစ္စည်း (NFI)* | | |
| မရှိမဖြစ်သော အသုံးအဆောင်ပစ္စည်းများ (စောင်၊ အိပ်ရာခင်း၊ မီးဖိုခန်းသုံး ပစ္စည်း စသည်ဖြင့်) ကို ရှာဖွေရရှိနိုင်စွမ်းရှိသည်ဟု ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်း | **မေးခွန်းအမှတ် (---)** -<br>လွန်ခဲ့သော လအတွင်းတွင် သင်သည် သင့်အိမ်ထောင်စုအတွက် မရှိမဖြစ် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ (စောင်၊ အိပ်ရာခင်း၊ မီးဖိုခန်းသုံးပစ္စည်း စသည်) ကို ရှာဖွေရရှိနိုင်စွမ်း ရှိခဲ့ပါသလား? (ရှိသည်/ မရှိပါ) | *မရှိမဖြစ်လိုအပ်သည့် NFI ပစ္စည်းများကို ရှာဖွေရရှိနိုင်စွမ်းရှိသည်ဟု ပြောကြားသည့် အိမ်ထောင်စု ရာခိုင်နှုန်းကို တွက်ချက်ပါ။* |

DRAFT

| ညွှန်းကိန်း | PDM နည်းလမ်းတွင် ပါဝင်သည့် မေးခွန်းများ | *သရုပ်ခွဲစိတ်ဖြာမှုနည်းစနစ်* |
|---|---|---|
| မရှိမဖြစ်သော NFI ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ခဲ့သည့် ရာခိုင်နှုန်း | **မေးခွန်းအမှတ် (---)** - လက်ရှိတွင် သင့်အိမ်ထောင်စု၌ မရှိမဖြစ် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းအားလုံး ရှိပါသလား? (ရှိသည် / မရှိပါ)<br><br>**မေးခွန်းအမှတ် (---)** - မရှိပါက၊ မည်သည့် ပစ္စည်းများကို လိုအပ်နေပါသနည်း သို့မဟုတ် ရရှိရန် ခက်ခဲပါသနည်း? (အဖွင့်မေးခွန်း သို့မဟုတ် ရွေးချယ်ရန်အဖြေများ) ( စောင်၊ အိပ်ရာခင်း၊ မီးဖိုခန်းသုံးပစ္စည်း၊ အခြား) | *လိုအပ်သည့်ပစ္စည်းအားလုံးကို လက်ဝယ်ရှိထားသည့် ရာခိုင်နှုန်းကို တွက်ချက်ပါ။*<br><br>*အိမ်ထောင်စုများကို ထိခိုက်စေသည့် သီးသန့် လိုအပ်ချက်များ သို့မဟုတ် ထောက်ပံ့မှုကွာဟချက်များကို နားလည်ရန်အတွက် မရှိသေးသည့် ပစ္စည်းများနှင့်စပ်လျဉ်းသည့် အရည်အသွေးပြ ဖြေကြားချက်များကို အသုံးပြုပါ။* |

## အချက်အလက်ကောက်ယူရေးနည်းလမ်းများ

ဤ PDM လမ်းညွှန်ချက်သည် **အိမ်ထောင်စုအဆင့်စစ်တမ်းကောက်ယူခြင်း**အတွက်သာဖြစ်ပြီး၊ ဦးတည်အုပ်စုအလိုက် ဆွေးနွေးမှုများ (FGDs) အတွက်မဟုတ်ပါ။ မိတ်ဖက်အဖွဲ့များသည် မျက်နှာချင်းဆိုင်တွေ့ဆုံ၍ အချက်အလက်ကောက်ယူခြင်း၊ အကူအညီရရှိသူများနှင့် လူကိုယ်တိုင်အစည်းအဝေးပြုလုပ်ခြင်း၊ အဝေးမှ ဖုန်းဖြင့် မေးမြန်းခြင်း သို့မဟုတ် နမူနာအရေအတွက် အချို့ကို လူကိုယ်တိုင်စစ်တမ်းကောက်ယူ၍ ကျန်အပိုင်းကို ဖုန်းဖြင့် မေးမြန်းခြင်းကဲ့သို့သော နည်းလမ်းများကို အသုံးပြုခြင်း စသည်ဖြင့် ဆောင်ရွက်နိုင်ပါသည်။

ဖြစ်နိုင်ပါက၊ PDM ပုံစံများကို အကူအညီရရှိသူများကိုယ်တိုင် ဝင်ရောက်ဖြေကြားနိုင်မည့် လင့်ခ်များဖြင့် မျှဝေ၍ စစ်တမ်းကောက်ယူခြင်း မပြုလုပ်ရန် မိတ်ဖက်အဖွဲ့များအား အကြံပြုပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သင့်တင့်စွာ နားလည်မှုနှင့် တပြေးညီဖြစ်မှု မသေချာတော့ဘဲ၊ ရလဒ်များကို အဓိပ္ပာယ်လွဲမှားစေခြင်းနှင့် မှားယွင်းသော အဖြေများ ထွက်ပေါ်လာစေနိုင်ပါသည်။။

## အချက်အလက်ကောက်ယူရေးအတွက် အသင့်သုံးပုံစံဖြစ်သည့် KoboForm

WFP ၏ KoboForm အသင့်သုံးပုံစံနှင့် Mercy Corps ၏ အသင့်သုံးပုံစံကို MIMU website တွင် ရရှိနိုင်ပါသည်။ ၎င်းတို့ကို စတင်အသုံးပြုရန်အတွက် အောက်ပါအတိုင်းလုပ်ဆောင်ပါ -

(၁) MIMU website တွင် အသင့်သုံးပုံစံကို Download ရယူပါ။

(၂) (KoboToolBox) ကို ဖွင့်ပါ၊ ထို့နောက် သင်သည် စီမံကိန်းစာရင်း (project list) စာမျက်နှာတွင် ရှိနေစဉ်အတွင်း "NEW" ဟု အမည်တပ်ထားသည့် အပြာရောင်ခလုတ်ကို နှိပ်ပါ။

(၃) ထို့နောက် "Upload an XLSForm" ကို နှိပ်ပါ။

(၄) Excel ဖိုင်ကို ရွေးချယ်ပြီး၊ upload ပြုလုပ်ပြီးချိန်အထိ စောင့်ပါ။

(၅) စီမံကိန်း၏ အသေးစိတ်အချက်အလက်များကို အတည်ပြုပြီး၊ "စီမံကိန်းဖန်တီးပါ (CREATE PROJECT)" ဟူသော ခလုတ်ကို နှိပ်ပါ။

(၆) သင်၏ ပုံစံစာရွက်ကို ကြည့်ရန်အတွက် မျက်လုံးငယ်ပုံဖြင့်ပြထားသည့် "view form" ခလုတ်ကို နှိပ်နိုင်ပါသည်။

ပုံစံကို upload ပြုလုပ်ပြီးပါက "KoboToolBox editor" ကိုသုံး၍ အွန်လိုင်းတွင် တည်းဖြတ်ပြင်ဆင်နိုင်သည် သို့မဟုတ် upload မပြုလုပ်မီတွင် Excel file အား တည်းဖြတ်ပြင်ဆင်နိုင်ပါသည်။ KoboToolBox အား အသုံးပြုပုံကို အသေးစိတ်ထပ်မံသိရှိလိုပါက ဤနေရာ တွင် လမ်းညွှန်စာရွက်စာတမ်းများကို ကြည့်ပါ။

## နမူနာကောက်ယူခြင်း (Sampling)

PDM အတွက် နမူနာကောက်ယူရာတွင် လတ်တလောတွင်မှ ငွေကြေးအကူအညီကို ပထမအကြိမ်လက်ခံရရှိထားသည့် အကူအညီရရှိသူ အသစ်များလည်း ပါဝင်သင့်သည်။ နမူနာများကို အေဂျင်စီ၏ အကူအညီရရှိသူ စာရင်းတစ်ခုလုံးမှ ထုတ်ယူသင့်ပါသည်။ ကိုယ်စားပြုမှုကို သေချာစေသည့် နမူနာကောက်ယူရေး နည်းလမ်းများသည် အဖွဲ့အစည်းတွင်းနှင့် အလှူရှင်၏ သတ်မှတ်ချက်များအတွက် ပြောင်းလွယ်ပြင်လွယ်ရှိရမည်ဖြစ်ပြီး၊ တစ်ချိန်တည်းတွင် အောက်ပါ ယူဆချက်များကို အခြေခံထားသည့် ရိုးရှင်းသော ကျဘမ်းနမူနာကောက်ယူခြင်းနည်းလမ်းကို အသုံးပြုရန် အကြံပြုပါသည် -

- အချက်အလက်ယုံကြည်ရမှုအဆင့် (Confidence Interval) သည် ၉၅% နှင့် ညီမျှရမည်။
- အမှားနယ်နိမိတ် (error margin) မှာ ၅% ဖြစ်သည်။
- ဒီဇိုင်း၏ သက်ရောက်မှု (design effect) သည် ၁% ဖြစ်သည်။
- စိတ်ဝင်စားမှုလက္ခဏာများကို ဖော်ပြသည့် လူဦးရေ၏ ခန့်မှန်း ရာခိုင်နှုန်းမှာ ၅၀% ဖြစ်သည်။
- စစ်တမ်းအား မဖြေဆိုသည့်နှုန်း (NRR) သည် လူကိုယ်တိုင်တွေ့ဆုံမေးမြန်းမှုအတွက် ၃၀% နှင့် ဖုန်းဖြင့် မေးမြန်းမှုအတွက် ၄၀% ဖြစ်သည်။

အထက်တွင် ဖော်ပြထားသည့် ယူဆချက်များကို အကူအညီရရှိခဲ့သူစုစုပေါင်းအရေအတွက်နှင့်အတူ နမူနာအရေအတွက် တွက်ချက်သည့် အွန်လိုင်းစနစ် (ဥပမာ http://www.raosoft.com/samplesize.html) တစ်ခုအတွင်းသို့ ထည့်သွင်းလိုက်ခြင်းအားဖြင့် နမူနာကောက်ယူရန်လိုအပ်သည့် စုစုပေါင်းအရေအတွက်ကို တွက်ချက်နိုင်ပါသည်။ အွန်လိုင်းစနစ်ဖြင့်တွက်ချက်ရာတွင် စစ်တမ်းအား မဖြေဆိုသည့်နှုန်း (NRR) ကို မထည့်သွင်းဘဲ ချန်လှပ်ထားရပါမည်။ လိုအပ်သည့် နမူနာကောက်ယူမှုတွင် NRR ကို ထည့်သွင်းရန်အတွက်၊ အွန်လိုင်းစနစ်ဖြင့်တွက်ချက်ထားသည့် နမူနာအရေအတွက်ကို တုံ့ပြန်ဖြေဆိုသည့်နှုန်း (response rate) ဖြင့်စားခြင်းအားဖြင့် ချိန်ညှိရပါမည်။ ဥပမာအားဖြင့် အကူအညီရရှိသူ (၁၀၀၀) ဦးရှိပါက၊ အထက်ဖော်ပြပါ ယူဆချက်များကို အွန်လိုင်းစနစ်တွင် ထည့်သွင်းတွက်ချက်လျှင် ကောက်ယူရန်လိုအပ်သည့် နမူနာအရေအတွက် (၂၇၈) ဦး ရရှိပါမည်။ တုံ့ပြန်ဖြေကြားသည့်နှုန်းမှာ ၇၀% ဖြစ်သည့်အတွက် ထိုနမူနာအရေအတွက်ကို ၀.၇၀ ဖြင့်စားလိုက်ပါက၊ နမူနာကောက်ယူရမည့် နောက်ဆုံး အရေအတွက်မှာ (၃၉၇)ဦး ဖြစ်သွားပါမည်။

NRR ကို နမူနာအရေအတွက် တွက်ချက်ရာ၌ တိုက်ရိုက်ပေါင်းစည်းထည့်သွင်းထားခြင်းအားဖြင့် စာရင်းကောက်ရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် မရောက်ရှိနိုင်သည့် အိမ်ထောင်စုများကို ထည့်သွင်းတွက်ချက်ရန် မလိုအပ်တော့ပါ။ ဤနည်းလမ်းသည် စစ်တမ်း မဖြေဆိုခြင်းနှင့်ဆက်စပ်နေသည့် ဘက်လိုက်မှုများကို အနိမ့်ဆုံးဖြစ်စေရန် ကူညီပေးသည်။

INTER-AGENCY CMWG CASH & MARKETS WORKING GROUP MYANMAR

## အကြိမ်ရေ (Frequency)

စစ်တမ်းဖြေဆိုသူများက အကူအညီကို အသုံးပြုပြီးဖြစ်ကြောင်း သေချာစေရန်နှင့် စီမံကိန်းတွင် ပူးပေါင်းပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုလုံးကို အသေးစိတ် ပြန်လည်မှတ်မိကြောင်း သေချာစေရန်အတွက် PDM လေ့လာမှုများကို **MPC အကူအညီ ဖြန့်ဝေပြီးနောက် တစ်လမှ နှစ်လအတွင်းတွင်** ဆောင်ရွက်ရန် အကြံပြုပါသည်။ ဤအကြံပြုချက်မှာ သုံးလစာအတွက် အကူအညီပမာဏကို တစ်ကြိမ်တည်းဖြင့် ပေးအပ်မှုများ၊ လစဉ်အကူအညီပေးအပ်မှုများနှင့်လည်း သက်ဆိုင်ပါသည်။

## အစီရင်ခံခြင်း (Reporting)

ပြန်လည်သုံးသပ်မွမ်းမံထားသည့် လမ်းညွှန်ချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အစီရင်ခံစာပုံစံတစ်ခုကိုလည်း ဖော်ထုတ်ထားပါသည်။ စီမံကိန်းမှ ရလဒ်များ၊ ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီစီမံကိန်းဆိုင်ရာ သဘောတူညီချက်များနှင့် နည်းလမ်းများအား ပေါင်းစပ်ညှိနှိုင်း၍ ပြန်လည်ချိန်ညှိရန်လိုအပ်မှုများကို ပူးတွဲနားလည်စေရန် ငွေကြေးနှင့်ဈေးကွက်ဆိုင်ရာလုပ်ငန်းအဖွဲ့ (CMWG) က ဆောင်ရွက်မည့် PDM ပူးတွဲသရုပ်ခွဲစိတ်ဖြာမှုအတွက် မိတ်ဖက်အဖွဲ့များထံမှ PDM အချက်အလက်များကို သုံးလတစ်ကြိမ်အစီရင်ခံတင်ပြရာတွင် ဤအစီရင်ခံစာပုံစံကို အသုံးပြုရန်ဖြစ်သည်။

မိတ်ဖက်အဖွဲ့အားလုံးသည် ဤအသင့်သုံးပုံစံအား အသုံးပြု၍ PDM ရလဒ်များကို အစီရင်ခံရပါမည်။ မိတ်ဖက်အဖွဲ့များသည် အစီရင်ခံစာများကို **ဧပြီလ၊ ဇူလိုင်လ၊ အောက်တိုဘာလနှင့် ဇန်နဝါရီလ**တိုင်း (၁၀)ရက်နေ့တွင် တင်ပြရပါမည်။

DRAFT